ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 31 December 2023 ၁၁၃၂၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဂျပန်ကုမ္ပဏီ ၂၀၀ ကျော်က မြန်မာအလုပ်သမား ၁၁၀၀ ကျော် ခေါ်ယူမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ဂျပန်ကုမ္ပဏီ ၂၀၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၁၁၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထုတ်ပြန်ထားသည်။

**၁၁၀၀ ကျော် ခေါ်ယူမည်**

မြန်မာသံရုံးမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၉ ရက်အတွင်း စိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၂၉၅ ခုကို ထုတ်ပြန်ခဲ့ရာတွင် ဂျပန်ကုမ္ပဏီ ၂၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၄၀၀ ကျော်၊ အမျိုးသမီး ၇၀၀ ကျော် စုစုပေါင်း ဦးရေ ၁၁၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာ ဂျပန်နိုင်ငံက မြန်မာလုပ်သားခေါ်ယူမှု မြင့်တက်နေတာကို တွေ့ရပါတယ်။ ဂျပန်နိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်ဖို့ မြန်မာလူငယ်တွေအနေနဲ့လည်း စိတ်ဝင်စားမှုများနေတာကို တွေ့ရပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ○**



၂၀၂၃ ခုနှစ် ဇွန်လအတွင်းက ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် MoU မြန်မာအလုပ်သမားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။

## ဒီဇင်ဘာလ ၁၈ ရက်တာ ကာလအတွင်း မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၈ ဒသမ ၉၈၅ သန်း ဆောင်ရွက်နိုင်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၃၀

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အထိ ကာလအတွင်း ပို့ကုန် ကန်ဒေါ်လာ ၁ ဒသမ ၉၇၆ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၇ ဒသမ ၀၀၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၈ ဒသမ ၉၈၅ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန် ပစ္စည်းများဖြစ်သော ငရုတ်၊ ဂေါ်ဖီ၊ ကြက်သွန်နီနှင့် CMP ပစ္စည်းများတင်ပို့ခဲ့ပြီး အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်၊ ကြက်သွန်နီနှင့် CMP ပစ္စည်းများဖြစ်ကြောင်း သိရသည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ငရုတ်များကိုလွယ်ကူလျင်မြန်စွာတင်ပို့နိုင်ရေး ကုန်ပစ္စည်းစစ်ဆေးမှုကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်ပစ္စည်းများတွင်ကျယ်လာမှုနှင့်အတူ အသုံးပြုရန်လိုအပ်ချက်ကြောင့် စားသောက်ကုန်ကြမ်းဝယ်လိုအားမြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ယနေ့ ဖတ်စရာ

**ကထိန်ပွဲဆင်နွှဲသောသူသည် ကထိန်ခင်းရခြင်း၏ ရည်ရွယ်ချက်ကို သိရန်လိုပါသည်။ ရရှိနိုင်သော ကောင်းကျိုးချမ်းသာများကိုလည်း သိရန်လိုပါသည်။ ထိုသို့ သိမြင်တန်ဖိုးထားတတ်စေရန် မိဘနှင့် ဆရာသမားများက သွန်သင်ဆုံးမပြောပြရန် လိုအပ်ပါသည်။ အခြေခံအုတ်မြစ်ကောင်းကောင်းချနိုင်မှသာ ရာသီဥတုဒဏ်ခံနိုင်သော အဆောက်အအုံကောင်းဖြစ်နိုင်သလို မိမိတို့ရင်သွေးငယ်များ၏ နှလုံးသားထဲတွင် ဘာသာတရားနှင့် အမျိုးသားယဉ်ကျေးမှုအမွေကို တန်ဖိုးထားသောစိတ်ဓာတ်များ အုတ်မြစ်ချပေးကြရန်အတွက် မိဘနှင့်ဆရာသမားများတွင် အထူးတာဝန်ရှိ**

ဆောင်းပါး စာမျက်နှာ » ၆



**လေ့လာဆန်းစစ်မှုများ ပြီးစီးသည့်နောက်ပိုင်း မကြာခင်အချိန်အတွင်းမှာ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းများကို စတင်နိုင်တော့မည်ဖြစ်သည်။ စီမံကိန်းစတင်ဆောင်ရွက်ပြီဆိုသည်နှင့် ထိုအကျိုးကျေးဇူးကို စတင်ရရှိမည့်သူများမှာ ဒေသခံပြည်သူများသာဖြစ်**

ဆောင်းပါး စာမျက်နှာ » ၁၀

**အသည်းလူနာ ဒေါက်တာလွင်မိုးကျော်နှင့် အသည်းအလှူရှင် ဒေါ်သိမ့်ရတနာအိမ်တို့နှင့် ခဏတာ**

စာမျက်နှာ » ၇

**ပန်းတနော်ရေနက်ကွင်းမှ ပြည်ပပို့ကုန် အများအပြား ထုတ်လုပ်ဖြန့်ဖြူးမည်**

စာမျက်နှာ » ၁၅

ကြေးမုံ

# ကျန်းမာရေးအလေးထား ကိုယ်လက်လှုပ်ရှား

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ၏ နောက်ဆုံးရက်သတ္တပတ် ပဉ္စမအကြိမ်မြောက် လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲများကို နိုင်ငံတစ်ဝန်း အမြို့မြို့အနယ်နယ်တို့တွင် ကျင်းပပြုလုပ်ကြပါသည်။ ပြည်သူများ ကျန်းမာစွာနေနိုင်ရေးအတွက် ကျန်းမာရေးကို အထောက်အကူပြုသည့် အားကစားတစ်မျိုးဖြစ်သော လမ်းလျှောက်ခြင်း၊ စုပေါင်းလမ်းလျှောက်ခြင်းကို ဒီဇင်ဘာလ၏ အပတ်စဉ်ရုံးပိတ်ရက်တိုင်းပြုလုပ်ခဲ့ရာ ယခုအပတ်တွင် ပဉ္စမအကြိမ်မြောက်ပြီးဆုံးခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ရာသီဥတုသုံးမျိုးရှိသည့်အနက် အေးချမ်းသည့် ဆောင်းရာသီ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသူ နိုင်ငံသားအများစုသည် နံနက်စောစော စုပေါင်းလမ်းလျှောက်ကြသည့် အလေ့အထရှိခဲ့ကြပါသည်။ နိုင်ငံတစ်ဝန်း မြို့နယ်အလိုက်တွင် နံနက်မိုးမလင်းခင်၌ “စောစောအိပ်လို့၊ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့” ဟူသော တေးသံကို ကြားလိုက်ရသည်နှင့် ပြည်သူလူထုအများစု လူထုလှုပ်ရှားမှုအသွင်ဖြင့် လမ်းမများပေါ်သို့ ထွက်ကာ ပျော်ရွှင်စွာစုပေါင်းလမ်းလျှောက်ကြပါသည်။ အပတ်စဉ်ရုံးပိတ်ရက်တိုင်း မြို့ရွာရပ်ကွက်များ၌ နံနက်စောစောနိုးကြားတက်ကြွ ပျော်ရွှင်စွာလှုပ်ရှားခဲ့ကြပါသည်။

မျက်မှောက်ကာလတွင် ဥတုရာသီပြောင်းလဲမှုကြောင့် ဒီဇင်ဘာလ၌ အအေးဓာတ် လျော့နည်းလာခြင်းကြောင့်လည်းကောင်း၊ အများပြည်သူတို့အနေဖြင့် ရှေးခေတ်ကာလများနှင့်မတူတော့ဘဲ လူတိုင်းနီးပါး နိစ္စဓူဝပရိယေသနဝမ်းစာရှာမှီးနေရသောကြောင့်လည်းကောင်း ဆောင်းရာသီကာလ ဒီဇင်ဘာလ၌ ကျန်းမာရေးကို အထောက်အကူပြုသည့် ကိုယ်လက်လှုပ်ရှားအားကစားတစ်မျိုးဖြစ်သော လမ်းလျှောက်ခြင်းအမှုကို ပြုလုပ်နိုင်ဖို့ပင် ခဲယဉ်းလာသည်။ လူတို့အနေဖြင့် အကြောင်းကိစ္စများကြသော်လည်း မိမိကျန်းမာရေးအတွက် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုတော့ပြုလုပ်သင့်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး အလေးထားပြုလုပ်ပေးနေသည်။ ပြည်သူများအနေဖြင့် အသက်ရှည်ကျန်းမာလန်းဖြာမှသာ မိမိတို့၏နိစ္စဓူဝအမှုကိစ္စများကို တက်ကြွရွှင်လန်း အားစိုက်ခွန်စိုက် အလုပ်လုပ်နိုင်ပေမည်။ ထို့ကြောင့် မအားလပ်သည့်ကြားမှ အပတ်စဉ်အပတ်တိုင်း ကိုယ်လက်လှုပ်ရှားအားကစားတစ်မျိုးမျိုးကို ပုံမှန်ပြုလုပ်ပေးသင့်သည်။ အားကစားနည်းအမျိုးမျိုးတွင် ငွေမကုန်လူမပန်း စိတ်ရွှင်လန်းစေသည့် အားကစားနည်းတစ်မျိုးမှာ မနှေးမမြန်လမ်းလျှောက်ပေးခြင်းဖြစ်သည်။

လမ်းလျှောက်ခြင်း ကိုယ်လက်လှုပ်ရှားမှုကို ဒီဇင်ဘာလတွင်သာမက ၁၂ လရာသီ သင့်လျော်သလို ပုံမှန်ပြုလုပ်ပေးသင့်သည်။ နေ့စဉ်အချိန်မှန် ပြုလုပ်ပေးခြင်းဖြင့် ကျန်းမာရေးဆုလာဘ်ကို ရရှိပိုင်ဆိုင်နိုင်ပေသည်။ ကျန်းမာသောသူများအနေဖြင့် ပုံမှန်ပြုလုပ်ပေးခြင်းဖြင့် အသက်ရှည်ကျန်းမာမှုကို ထာဝရပိုင်ဆိုင်နိုင်သည်။ ရောဂါအခံရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများအနေဖြင့် ဘေးထွက်ဆိုးကျိုးမရှိသည့် လမ်းလျှောက်ခြင်းအလုပ်ကို ပုံမှန်ပြုလုပ်ပေးသင့်သည်။ မအားလပ်သူများအနေဖြင့်လည်း အချိန်အနည်းငယ်ပေးပြီး ပြုလုပ်သင့်ပါသည်။

ကိုယ်လက်လှုပ်ရှားအားကစားတစ်မျိုးမျိုးကို ဆောင်ရွက်ရာတွင် လေ့ကျင့်ခန်းအမျိုးအစား၊ ပြင်းထန်မှု၊ အချိန်ကြာမြင့်မှုနှင့် အကြိမ်အရေအတွက်ပေါ်မူတည်ပြီး အကျိုးကျေးဇူးကွာခြားပေသည်။ ကိုယ်လက်လှုပ်ရှား အားကစားတစ်မျိုးမျိုးကို ပြုလုပ်သောကြောင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေပြီး သက်လုံကောင်းစေသည့်အပြင် နာတာရှည်ရောဂါများကိုလည်း လျော့နည်းပပျောက်အောင် ကာကွယ်ပေးနိုင်သည်။ ကြွက်သားများ သန်မာခြင်းနှင့်ဆိုင်သော လေ့ကျင့်ခန်းများသည် ကြွက်သားများ သန်မာအားကောင်းစေသည့်အပြင် အဝလွန်ရောဂါ၊ ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ သွေးအတွင်းအဆီများမှု စသည့်ရောဂါများဖြစ်ပွားမှုမှ လျော့ပါးသက်သာစေပြီး ကြိုတင်ကာကွယ် တားဆီးပေးထားနိုင်သည်။

မျက်မှောက်ကာလတွင် လူတို့အနေဖြင့် နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာသောကြောင့် မကူးစက်တတ်သောရောဂါအမျိုးမျိုး ဖြစ်ပွားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ရောဂါများကို ကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်း စသည့်လုပ်ငန်းများတွင် ဆေးဝါးမပါ၊ ကုန်ကျစရိတ်သက်သာပြီး အသက်အရွယ်မရွေး ဆောင်ရွက်နိုင်သော အားကစားနည်းတစ်မျိုးဖြစ်သည့် လမ်းလျှောက်ခြင်းကို ပုံမှန်မပျက်မကွက်ပြုလုပ်ပေးရန် အသိပေးနှိုးဆော်အပ်ပါသည်။ ဒီဇင်ဘာလအားကစားလ နောက်ဆုံးရက်သတ္တပတ်ပြီးဆုံးသော်လည်း မိမိကျန်းမာရေးအတွက် နေ့စဉ်ပုံမှန်ပြုလုပ်သွားကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်၍ ကျန်းမာသောဘဝကို ထာဝစဉ်ပိုင်ဆိုင်နိုင်ရန်အတွက် ကိုယ်လက်လှုပ်ရှားအားကစားနည်းတစ်မျိုးမျိုးကို လူတိုင်းလူတိုင်း မပျက်မကွက်ပြုလုပ်ပေးကြရန် လိုအပ်ပါသည်။ ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်ခွန်အားဆိုသကဲ့သို့ နိုင်ငံအတွက် စွမ်းအားအမျိုးမျိုးကိုဖြစ်စေသဖြင့် မိမိတို့အကျိုး၊ တိုင်းပြည်အကျိုးကို အင်ပြည့်အားပြည့်ထမ်းရွက်နိုင်သည့် လူသားအရင်းအမြစ်များဖြစ်လာအောင် ကိုယ်လက်လှုပ်ရှားအားကစားတစ်မျိုးမျိုး ပြုလုပ်ပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## ရေကြည်မြို့နယ်၌ မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပ




**ရေကြည် ဒီဇင်ဘာ ၃၀**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင်(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက နဝရတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်နိုင် ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာကြီး ဆရာမကြီးများ ပူးပေါင်းပြီး အထက်တန်းဆင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပကြရာ မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများတွင် (ပထမ၊ ဒုတိယ၊ တတိယ) ဆုများ ရရှိကြသော ကျောင်းသား ကျောင်းသူများအား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တီးတိန်မြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပ

**တီးတိန် ဒီဇင်ဘာ ၃၀**

ချင်းပြည်နယ် တီးတိန်မြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကမ်းဟောက် ဘောလုံးကွင်းနှင့် ကမ်းဟောက် အားကစားရုံတွင် ကျင်းပသည်။

ဦးစွာ ဖူဆယ်နှင့် ပိုက်ကျော်ခြင်း အားကစားများ ယှဉ်ပြိုင်ကစားကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကြသည်။



အလားတူ ကဗျာရွတ်၊ ပုံပြော၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၂၂ ရက်က တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

တီးတိန်မြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ထုပ်ဆီးတိုး၊ လွန်ဆွဲပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုး**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထားကြသူများဖြစ်ပြီး အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်သည်။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀-၁-၂၀၂၃ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်]



မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ-ဦးအောင်မြတ်မင်း

# ဒီဇင်ဘာ (ပဉ္စမပတ်) လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၄၀၀၀ ကျော်ပါဝင်ဆင်နွှဲ




**နေပြည်တော် ဒီဇင်ဘာ ၃၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ (ပဉ္စမပတ်) လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်းအင်အား ၄၀၀၀ ကျော် ပျော်ပျော်ရွှင်ရွှင်ဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများ အတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများနှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှား ဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ အထိမ်းအမှတ်လက်ဆောင်များပေးအပ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာလ၏ အပတ်စဉ်စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ☆ ရှေ့ဖုံးမှ

ထို့ကြောင့် ဒီဇင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ပုံနှိပ်စက္ကူများ၊ ဆပ်ပြာ၊ သံနှင့်သံမဏိပစ္စည်းများ၊ ဘက်ထရီအခြောက်များ၊ ချည်ထည်များ၊ တာယာနှင့်ကျွတ်များ၊ စက်နှင့်စက်ပစ္စည်းများ စသည်ဖြင့်ပါဝင်ကြောင်း သိရသည်။

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့်ပို့ကုန်ပစ္စည်းများမှာ ငရုတ်(ခြောက်)၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်း(အစို)၊ ဂေါ်ဖီထုပ်၊ သခွားမျိုးစေ့ စသည်ဖြင့်ပါဝင်ကြောင်း သိရသည်။ **MT**

## ❍ ဂျပန်ကုမ္ပဏီမှ

ဂျပန်နိုင်ငံမှာက အလုပ်အကိုင်အခွင့်အလမ်းတွေအနေနဲ့ ကိုယ်ကအမှန်တကယ်အလုပ်လုပ်ရင် လစာဝင်ငွေကောင်းတဲ့အတွက် ဂျပန်နိုင်ငံကိုရောက်သွားတဲ့အခါမှာလည်း လူငယ်တွေအနေနဲ့ ကြိုးစားကြဖို့ တိုက်တွန်းချင်ပါတယ်" ဟု ဂျပန်နိုင်ငံသို့မြန်မာလုပ်သားများစေလွှတ်နေသည့် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူကပြောသည်။

မြန်မာသံရုံးအနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိစစ်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်း အထောက်အထားများစိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စိစစ်ပေးပို့ ပြန်ကြားခဲ့သော အလုပ်ကမ်းလှမ်းစာ ၃၃၅ ခုတွင် မြန်မာအလုပ်သမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ဦးရေ ၈၀၀ ခန့် ခေါ်ယူမည်ဖြစ်ကြောင်း မြန်မာသံရုံး တိုကျိုမြို့က ထုတ်ပြန်ခဲ့သည်။ **MT**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကို အရှေ့တောင်အာရှစံနှုန်းများနှင့်အညီဖြစ်စေရေး အားထုတ်ကြိုးပမ်း



**နေပြည်တော် ဒီဇင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်ဇော်က မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေနှင့် နည်းဥပဒေများ၊ ရည်ရွယ်ချက်များ၊ ကောင်စီဖွဲ့စည်းခြင်း၊ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မတီများ၊ အဖွဲ့များဖွဲ့စည်းခြင်း၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ တိရစ္ဆာန်ဆေးပညာသင်ကျောင်းကို အရှေ့တောင်အာရှစံနှုန်းအရ အသိအမှတ်ပြုမှုရရှိစေရန် စစ်ဆေးခြင်း၊ တိရစ္ဆာန်ဆေးပညာကောင်စီ (သတ္တမအကြိမ်) ဖွဲ့စည်းရေးကိစ္စရပ်များနှင့် သတ္တမအကြိမ် တိရစ္ဆာန်ဆေးပညာကောင်စီတွင် ဌာနအသီးသီးမှ အဆိုပြု တိရစ္ဆာန်ဆေးကုဆရာဝန်အမည်စာရင်းအနက် ဝန်ကြီးဌာနမှ ရှစ်ဦးကို တာဝန်ပေးအပ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီးက တိရစ္ဆာန်ဆေးပညာ တိုးတက်မြင့်မားလာရေးအတွက် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ဆေးပညာ ခေတ်မီတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနက လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ဆရာနှင့်ကျောင်းသားအချိုး၊ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သောအကြံပြုမှုမှမ်းမံခြင်းကို ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေး၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကို အရှေ့တောင်အာရှစံနှုန်းများနှင့်အညီ ဖြစ်စေရေး ဆက်လက်အားထုတ်ကြိုးပမ်းသွားရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ရှိ ယူကေစိန်သင်ဖြူးဖျာလုပ်ငန်းသို့ ရောက်ရှိပြီး သင်ဖြူးဖျာများ ရက်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်ဖြူးဖျာလုပ်ငန်းရှင်များနှင့် ကျင်းပပြုလုပ်သည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက ထုတ်ကုန်ပစ္စည်းများအား သုံးစွဲသူပြည်သူများ သိရှိနိုင်ရေးအတွက် ပြည်တွင်း ပြည်ပ၌ ကျင်းပလျက်ရှိသည့် ပြပွဲများ၊ ဈေးရောင်းပွဲတော်များတွင် ဝင်ရောက်ပြသ ရောင်းချရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ MSME ထုတ်ကုန်များအား တစုတစည်းတည်း ပြသနိုင်ရေးအတွက် ပြခန်းဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရှစ်ဘီလီယံကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်စဉ် ကြုံတွေ့နေရသည့်အခက်အခဲများ၊ ဖြည့်ဆည်းပေးရမည့် အချက်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တင်ပြချက်များနှင့်ပတ်သက်၍ ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် Globel Earth Agro & Aqua Industry Public Company Limited သို့ရောက်ရှိပြီး စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ တည်ဆောက်နေမှုအခြေအနေ၊ အအေးခန်းစက်ရုံ တည်ဆောက်နေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ညောင်တုန်းမြို့ရှိ ရွှေဝါနဒီဆန်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း စပါးများကြိတ်ခွဲနေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပထမဆု တရုတ်ယွမ်ငွေသုံးသောင်းချီးမြှင့်မည့် "တရုတ်-အာဆီယံ ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ်ရေးနှစ်" Logo ဒီဇိုင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် တရုတ်သံရုံးဖိတ်ခေါ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပထမဆု တရုတ်ယွမ်ငွေသုံးသောင်းချီးမြှင့်မည့် "တရုတ်-အာဆီယံ ပြည်သူအချင်းချင်း အပြန်အလှန် ဖလှယ်ရေးနှစ်" Logo ဒီဇိုင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ဖိတ်ခေါ်ထားသည်။

အဆိုပါပြိုင်ပွဲကို တရုတ်-အာဆီယံစင်တာ၊ တရုတ်ပြည်သူ၏ ပြည်ပနိုင်ငံများ ချစ်ကြည်ရေးအသင်း (CPAFFC)နှင့် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ မိတ်ဆွေများက လက်ရာမွန်လက်ရာကောင်းများ ပေးပို့၍ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သံရုံးက ဖိတ်ခေါ်ထားသည်။




**နောက်ဆုံးပေးပို့ရမည်**

Logo ဒီဇိုင်းလက်ရာများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် ဆုရရှိသူများကို ကြေညာပေးသွားမည်ဟုလည်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက အသိပေးထားသည်။

ဆုများအနေဖြင့် ပထမဆု တစ်ဦးကို တရုတ်ယွမ်ငွေ သုံးသောင်း ဂုဏ်ပြုလက်မှတ်၊ ဒုတိယဆု နှစ်ဦးကို တရုတ်ယွမ်ငွေ တစ်သောင်း ဂုဏ်ပြုလက်မှတ်၊ တတိယဆုငါးဦးကို တရုတ်ယွမ်ငွေငါးထောင် ဂုဏ်ပြုလက်မှတ်နှင့် ကျန်ရှိသော အချို့ပြိုင်ပွဲဝင်များကို ပါဝင်ယှဉ်ပြိုင်ခြင်း ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်မည့် လက်ရာများကို logodesign2024@139.com သို့ ပေးပို့၍ ပါဝင်နိုင်ကြောင်း သိရသည်။

**MT**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားကတ်ပြား ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ရာတွင် အဓိကကျသည့် မဲစာရင်းမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားကတ်ပြား ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် မိမိတို့ဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်း၊ ပန်းခင်းစီမံချက်လုပ်ငန်းများ၊ e–ID စနစ်လုပ်ငန်းနှင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ယနေ့နံနက် ၉ နာရီခွဲက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။






**အိမ်ထောင်စု ၁၅ သန်းကောက်ယူပြီးစီး**

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းက ကောက်ယူခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်အထိ e–ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းဖြင့် အိမ်ထောင်စု ၁၂ သန်းကျော်၊ အလွတ်ပုံစံများဖြင့် ကောက်ယူခဲ့သည့် အိမ်ထောင်စု ၂ ဒသမ ၈ သန်းကျော် စုစုပေါင်းအိမ်ထောင်စု ၁၅ သန်းခန့် ကောက်ယူပြီးစီးခဲ့ပါကြောင်း၊ နယ်မြေဒေသလုံခြုံရေး အခြေအနေအရ အချို့ဒေသအနည်းငယ်သာ ကောက်ယူရန်ကျန်ရှိပါကြောင်း၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းမှရရှိသည့် အိမ်ထောင်စုလူဦးရေစာရင်း အချက်အလက်များကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ကော်မတီအဆင့်ဆင့်က စိစစ်အတည်ပြုကြပြီး ဗဟိုကော်မတီသို့ သတ်မှတ်ကာလအတွင်း ပြုစုတင်ပြကြရမည်ဖြစ်ပြီး ဗဟိုကော်မတီမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်တင်ပြ၍ အတည်ပြုစာရင်းများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးပို့ကြရမည်ဖြစ်ရာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်နှင့် စာရင်းဇယားမှန်ကန်စွာ ပြုစုနိုင်ရန် အရေးကြီးပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယင်းစာရင်းများအရ ကိုင်ဆောင်ကတ်ပြားမရှိသေးသည့် မဲပေးပိုင်ခွင့်ရှိသူများကိုလည်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ် ထုတ်ပေးရေးလုပ်ငန်းကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်အဆင့်(၁)ဖြင့် လူဦးရေ ၃ ဒသမ ၄ သန်းကျော်၊ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် လူဦးရေ ၁ ဒသမ ၄ သန်းကျော်ကို ထုတ်ပေးဆောင်ရွက်ပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်ပေးရန် အနည်းငယ်ကျန်ရှိနေသေးပါကြောင်း၊ ယခုအခါ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာ၌ တွေ့ရှိချက်များအရ ရွှေ့ပြောင်းနေထိုင်သူများတွင် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားကတ်ပြားများ မရရှိသေးသူများ ရှိနေသည့်အတွက် ၎င်းတို့အား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားကတ်ပြားထုတ်ပေးနိုင်ရေးနှင့်လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း အသက် ၁၈ နှစ် ပြည့်လာမည့်သူများကို နိုင်ငံသားကတ်ထုတ်ပေးနိုင်ရေးတို့အတွက် ပန်းခင်းစီမံချက် အဆင့်(၃) ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ကိုးလတာ ကာလအတွင်း လူဦးရေ ၂ ဒသမ ၁ သန်းကျော်ကို နိုင်ငံသားကတ်ပြား ထုတ်ပေးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း၊ ပန်းခင်းစီမံချက်နှင့် e–ID စနစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းမှန်ကန်ရေးအတွက် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာအခက်အခဲများ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက အုပ်ချုပ်မှုဆိုင်ရာ အားနည်းချက် အားသာချက်များ၊ ဦးစီးဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုအပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်တို့က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ခုတင်– ၅၀ ပြည်သူ့ဆေးရုံအတွင်းအပြင်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များက သစ်ပင်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းစသည့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စုအတွင်းရှိ ရတနာဆန်စက်သို့သွားရောက်၍ ဆန်စက်ကြိတ်ခွဲနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာအတွင်းရှိ ဝါးတူစက်ရုံသို့ သွားရောက်၍ ဝါးတူလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ပျဉ်းမနား–တောင်ညိုလမ်းဘေးရှိဦးလှထွန်း၏ မြေပဲစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်သည့် နေပြည်တော်အုတ်စက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း အုတ်များ ထုတ်လုပ်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (ဓါတ်ပုံ)

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာအနီးတွင် နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ပုန်းတက်ရိုးပေါ်တွင် ရေမြှင့်ရေထိန်း အဆောက်အအုံ တည်ဆောက်ခြင်းနှင့် တူးမြောင်းပုံစံကျပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နေပြည်တော်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် တောင်ညိုကျေးရွာအုပ်စု ပင်းတီးကျေးရွာအနီး ပင်းတီးချောင်းကမ်းပါးပြိုကာကွယ်ရေးအတွက် ကမ်းပါးထိန်းလုပ်ငန်း တည်ဆောက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ပင်းတီးကျေးရွာအနီးတွင် အောင်မြင်ဖြစ်ထွန်းနေသည့် နေကြာစိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စင်ကာပူမှ မြန်မာသို့ငွေလွှဲရာတွင် Pay2Home အသုံးပြုကာ CB ဘဏ်၏ ဘဏ်ခွဲတိုင်းတွင် လွယ်ကူစွာငွေထုတ်နိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

စင်ကာပူမှ မြန်မာသို့ငွေလွှဲရာတွင် Pay2Home အသုံးပြုကာ CB ဘဏ်၏ ဘဏ်ခွဲတိုင်းတွင် လွယ်ကူစွာငွေထုတ်နိုင်မည်ဖြစ်ကြောင်း CB ဘဏ်မှ သိရသည်။

မှတ်ပုံတင်နှင့် လျှို့ဝှက်ကုတ် ခုနစ်လုံးပြပြီး CB Bank ၏ ဘဏ်ခွဲတိုင်းတွင် လွယ်ကူစွာ ငွေထုတ်ယူနိုင်မည်ဖြစ်ပြီး စင်ကာပူနိုင်ငံရောက် မြန်မာတို့အတွက် မိသားစုနှင့် မိတ်ဆွေများထံ ငွေလွှဲရာတွင် Pay2Home Money Transfer အသုံးပြုကာ လွယ်ကူလျင်မြန်စေမည်ဖြစ်ကြောင်းလည်း သိရသည်။

Pay2Home နှင့် ငွေလွှဲမည်ဆိုပါက Application မှ အလွယ်တကူ လွှဲပို့နိုင်သကဲ့သို့ Pay2Home Money Transfer Machine (MTM) ကို အသုံးပြု၍လည်း CB Bank သို့ အချိန်နှောင့်နှေးကြန့်ကြာမှုမရှိဘဲ Special Account နှင့် Normal Savings Account များအတွင်း လွှဲပို့နိုင်မည်ဖြစ်ကြောင်း CB ဘဏ်မှ သိရသည်။

"အရင်ထက် ငွေလွှဲရတာ ပိုမြန်လာမှာပါ။ မြန်မာနိုင်ငံကို ပိုက်ဆံပို့မယ်ဆိုရင် အခုလိုဆိုတော့ အချိန်ကုန်သက်သာသွားမှာဖြစ်ပါတယ်" ဟု စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသား ကိုမင်းက ပြောပြသည်။

MT

# ယဉ်ကျေးမှုအမွေ ထိန်းစို့လေ

လမင်းဟံသာ(ပဲခူး)

အောင်မြင်မှုတိုင်းတွင် အထောက်အပံ့ကောင်းများရှိစမြဲပင်ဖြစ်ပါသည်။ သစ်ပင်တစ်ပင် အောင်မြင်ဖြစ်ထွန်းရန်အတွက် ရေလောင်းပေါင်းသင်ခြင်း၊ မြေဩဇာကျွေးခြင်း၊ ရေ လေ နေ ညီမျှအောင်ဂရုစိုက်ခြင်း စသော အထောက်အပံ့ကောင်းများရှိမှသာ အောင်မြင်သောသီးနှံများဖြစ်ထွန်းနိုင်ကြသည်။ ထို့အတူ ထူးချွန်ထက်မြက်သော လူငယ်မောင်မယ်များဖြစ်လာစေရန်အတွက် ငယ်ငယ်ကတည်းကပင် စည်းနှင့်ကမ်းနှင့် စနစ်တကျပြုစုပျိုးထောင်ခဲ့ကြရသည်။ အစားအသောက်၊ အနေအထိုင်ဂရုစိုက်မှသာ ကျန်းမာဖျတ်လတ်ပြီး ဉာဏ်ရည်ပြည့်ဝသော ဦးနှောက်ပိုင်ရှင်ဖြစ်ပေလိမ့်မည်။ အပြောအဆိုယဉ်ကျေးသိမ်မွေ့မှသာ လူမှုဆက်ဆံရေးအဆင်ပြေချောမွေ့ပြီး ဘဝတက်လမ်းအတွက် အနှောင့်အယှက်ကင်းစွာ လျှောက်လှမ်းနိုင်ကြပေလိမ့်မည်။ ထိုအရာများကို ဆရာနှင့်မိဘလက်တွဲကာ ဟန်ချက်ညီညီပြုစုပျိုးထောင်ကြရင်း အထောက်အပံ့ကောင်းများ ပေးကြရလေသည်။

## ခိုင်မာသောမျိုးချစ်စိတ်သည် အကောင်းဆုံးအထောက်အပံ့ဖြစ်

ယဉ်ကျေးမှုဆိုရာ၌ ဒြပ်ရှိယဉ်ကျေးမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုဟူ၍ နှစ်မျိုးရှိပါသည်။ ထိုဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစွာတည်ရှိနေစေရန်အတွက် ခိုင်မာသောမျိုးချစ်စိတ်ဓာတ်သည် အကောင်းဆုံးသော အထောက်အပံ့ပင်ဖြစ်လေသည်။

ဘုရား၊ ကျောင်း၊ ဇရပ်၊ သိမ်၊ စေတီ၊ ခေါင်းလောင်း၊ ဘာသာရေးအဆောက်အအုံ၊ ရေတွင်း၊ ရေကန်၊ မျှော်စင်၊ မြို့ဟောင်းများစသည်တို့သည် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်များဖြစ်ကြသည်။ တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်မားလာသောကမ္ဘာကြီးတွင် ဆိုးရွားသောရာသီဥတုဖြစ်စဉ်များကို ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေကြရသည်။ ထိုကဲ့သို့ရာသီဥတုဖောက်ပြန်မှုများကြောင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုဖြစ်စဉ်များ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဒြပ်ရှိယဉ်ကျေးမှုများသည် ရာသီဥတုဒဏ်ကြောင့် ပျက်စီးစေနိုင်လေသည်။

ဆယ့်နှစ်လရာသီပွဲတော်များ၊ အလှူမင်္ဂလာဘိသိက်အခမ်းအနားများ၊ ရှင်ပြုနားသအလှည့်ပွဲများ၊ ဘုရားထီးတင်ပွဲ၊ ပဒ္ဒာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆိုကရေးတီးပြိုင်ပွဲ၊ ငါးလွှတ်ပွဲ၊ ဆင်ပွဲတော် အစရှိသည်တို့သည် ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်ကြသည်။ လူတို့ပြုလုပ်စီမံမှသာ ဖြစ်ထွန်းရသောပွဲတော်များသည် ဒြပ်မဲ့ယဉ်ကျေးမှုပွဲတော်များဖြစ်ကြသည်။ ရာသီဥတုဖောက်ပြန်မှုများကြောင့် ကမ္ဘာကြီးဖောက်ထိုးဖြစ်သွားပါစေ မိမိတို့၏ရင်ထဲတွင် ခိုင်မာသောမျိုးချစ်စိတ်ဓာတ် နိုးကြားရှင်သန်နေလျှင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များသည် ဘယ်သောအခါမှ ပျောက်ပျက်မသွားနိုင်ပေ။ ဘယ်သူဖျက်ဖျက် မပျက်စီးနိုင်ပေ။

> ❝ဆယ့်နှစ်လရာသီပွဲတော်များ၊ အလှူမင်္ဂလာဘိသိက်အခမ်းအနားများ၊ ရှင်ပြုနားသအလှည့်ပွဲများ၊ ဘုရားထီးတင်ပွဲ၊ ပဒ္ဒာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆိုကရေးတီးပြိုင်ပွဲ၊ ငါးလွှတ်ပွဲ၊ ဆင်ပွဲတော်အစရှိသည်တို့သည် ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်ကြသည်။ လူတို့ပြုလုပ်စီမံမှသာ ဖြစ်ထွန်းရသောပွဲတော်များသည် ဒြပ်မဲ့ယဉ်ကျေးမှုပွဲတော်များဖြစ်ကြသည်။ ရာသီဥတုဖောက်ပြန်မှုများကြောင့် ကမ္ဘာကြီးဖောက်ထိုးဖြစ်သွားပါစေ မိမိတို့၏ရင်ထဲတွင် ခိုင်မာသောမျိုးချစ်စိတ်ဓာတ် နိုးကြားရှင်သန်နေလျှင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များသည် ဘယ်သောအခါမှ ပျောက်ပျက်မသွားနိုင်ပေ။ ဘယ်သူဖျက်ဖျက် မပျက်စီးနိုင်ပေ❞

## ယဉ်ကျေးမှုပွဲတော်များကို ဖျက်ဆီးခြင်းသည် တိုင်းပြည်ကို ဖျက်ဆီးခြင်းဖြစ်

မြန်မာတို့သည် ရှေးပဝေသဏီဘိုးဘေးဘီဘင်လက်ထက်ကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အနုပညာနှင့် အမီအခိုကင်းစွာ ရပ်တည်လာနိုင်ခဲ့ကြလေသည်။ ဘိုးတော်ဘုရားတောင်းဆိုမှုကြောင့် မြဝတီမင်းကြီးဦးစက စောင်းကြိုးကို ခုနစ်ကြိုးမှ ၁၃ ကြိုးအထိ တီထွင်နိုင်ခဲ့သည်။ ဗုံ ၂၁ လုံးကို ကြီးစဉ်ငယ်လိုက်စီကာ ပတ်စာဖြင့်အသံညှိ၍တီးရသော မြန်မာ့ဆိုင်းဝိုင်းသည် မြဝတီမင်းကြီးဦးစလက်ထက်မှ အစပြုခဲ့သည်ဟု ရှေးပညာရှိများက ယူဆခဲ့ကြလေသည်။ ထိုကဲ့သို့ ဘိုးဘေးများ ခက်ခက်ခဲခဲတီထွင်ဖန်တီးခဲ့ရသော ရိုးရာယဉ်ကျေးမှုအနုပညာအမွေများကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။

ခေတ်မီနည်းပညာများ တိုးတက်နေသောကမ္ဘာကြီးတွင် တိုးတက်မှုမြန်သကဲ့သို့ ဆုတ်ယုတ်မှုလည်း မြန်ဆန်လွန်းလှပါသည်။ နိုင်ငံတော်၏ သယံဇာတနှင့် ပထဝီအနေအထားကို မျက်စိကျနေသော အနောက်နိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဒေါ်လာကိုသာ ချစ်သော ပြည်ဖျက်မီဒီယာများသည် နိုင်ငံ၏စည်းလုံးညီညွတ်မှု ပြိုကွဲစေရန် နည်းမျိုးစုံသုံးပြီး လုပ်ကြံဖန်တီးနေသည်ကို အများသိရှိပြီးဖြစ်ပါသည်။ ဆူလွယ် နပ်လွယ် ယုံလွယ်သော ဆယ်ကျော်သက်လူငယ်လေးများကို နိုင်ငံရေးလုပ်ဇာတ်ခင်းကာ PDF (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့) ဟူ၍ အမည်နာမပေးပြီး ဗီလိန်ဇာတ်ရုပ်မှ ကခိုင်းနေကြသည်။ ဗီလိန်ဇာတ်ကောင်များကလည်း တည်ငြိမ်အေးချမ်းမှုပြိုကွဲစေရန် ဖျက်ဆီးမှုနည်းမျိုးစုံကို ပြုလုပ်ကြလေသည်။ ယဉ်ကျေးမှုပွဲတော်များ မဖြစ်မြောက်စေရန် အွန်လိုင်းပေါ်မှ ခြောက်လှန့်ကြသည်။ ဘုရားပွဲတော်များသို့ လူအများ စည်စည်ကားကားမသွားနိုင်ရန် အနှောင့်အယှက်ပြုကြလေသည်။ ယဉ်ကျေးမှုပွဲတော်များကို မကျင်းပနိုင်ရန် တားဆီးခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်၏တန်ဖိုးကို မသိခြင်းကြောင့်ပင်ဖြစ်ပေသည်။ ကိုယ့်ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားခြင်းမရှိဘဲ ဖျက်ဆီးနေသောသူများသည် တိုင်းပြည်ကိုဖျက်ဆီးနေခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။

> ❝ဗီလိန်ဇာတ်ကောင်များကလည်း တည်ငြိမ်အေးချမ်းမှုပြိုကွဲစေရန် ဖျက်ဆီးမှုနည်းမျိုးစုံကို ပြုလုပ်ကြလေသည်။ ယဉ်ကျေးမှုပွဲတော်များ မဖြစ်မြောက်စေရန် အွန်လိုင်းပေါ်မှ ခြောက်လှန့်ကြသည်။ ယဉ်ကျေးမှုပွဲတော်များကို မကျင်းပနိုင်ရန် တားဆီးခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်၏တန်ဖိုးကို မသိခြင်းကြောင့်ပင်ဖြစ်ပေသည်။ ကိုယ့်ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားခြင်းမရှိဘဲ ဖျက်ဆီးနေသောသူများသည် တိုင်းပြည်ကို ဖျက်ဆီးနေခြင်းနှင့် အတူတူပင်ဖြစ်❞

တန်ဖိုးသိမှ တန်ဖိုးရှိမည်ဖြစ်သည်။ သီတင်းကျွတ်မီးထွန်းပွဲတော်သို့ သွားသောသူသည် သီတင်းကျွတ်မီးထွန်းပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုသိရန်လိုအပ်ပါသည်။ ကထိန်ပွဲဆင်နွှဲသောသူသည် ကထိန်ခင်းရခြင်း၏ရည်ရွယ်ချက်ကို သိရန်လိုပါသည်။ ရရှိနိုင်သော ကောင်းကျိုးချမ်းသာများကိုလည်း သိရန်လိုပါသည်။ ထိုသို့သိမြင်တန်ဖိုးထားတတ်စေရန် မိဘနှင့် ဆရာသမားများက သွန်သင်ဆုံးမပြောပြရန်လိုအပ်ပါသည်။ အခြေခံအုတ်မြစ်ကောင်းကောင်းချနိုင်မှသာ ရာသီဥတုဒဏ်ခံနိုင်သော အဆောက်အအုံကောင်းဖြစ်နိုင်သလို မိမိတို့ရင်သွေးငယ်များ၏ နှလုံးသားထဲတွင် ဘာသာတရားနှင့် အမျိုးသားယဉ်ကျေးမှုအမွေကို တန်ဖိုးထားသောစိတ်ဓာတ်များ အုတ်မြစ်ချပေးကြရန်အတွက် မိဘနှင့်ဆရာသမားများတွင် အထူးတာဝန်ရှိသည်ဟု ထင်မှတ်မိပါသည်။

လူမျိုးရှိလျှင် ကိုးကွယ်ယုံကြည်သော ဘာသာတရားရှိကြလေသည်။ ဘာသာပျောက်လျှင် လူမျိုးပါပျောက်ကွယ်နိုင်သဖြင့် ဗုဒ္ဓဘာသာ ထာဝစဉ်တည်တံ့စေရန် မိမိတို့၏ရင်သွေးငယ်များကို ဘာသာရေးနှင့် ဆက်နွှယ်သောအဆုံးအမများ၊ ငါးရာ့ငါးဆယ်နိပါတ်တော်လာပုံပြင်များဖြင့် အခြေခံအုတ်မြစ်ကောင်းအောင် တည်ဆောက်ပေးသင့်ပါသည်။ နိုင်ငံတော်အစိုးရကလည်း ယဉ်ကျေးလိမ္မာသောလူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ နွေရာသီကျောင်းပိတ်ရက်တွင် ယဉ်ကျေးလိမ္မာသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါသည်။ နိုင်ငံတော်၏စေတနာကို လေးစားသောအားဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် မိမိတို့၏ရင်သွေးငယ်များကို ယဉ်ကျေးလိမ္မာသင်တန်းများသို့ ပို့ဆောင်ပေးခြင်းဖြင့် ဘာသာတရားအခြေခံအုတ်မြစ် ခိုင်မာစေခြင်းအကျိုးထူးများ ရရှိနိုင်ပါလိမ့်မည်။ ယဉ်ကျေးသောလူ့စွမ်းအားအရင်းအမြစ်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံ၏အနာဂတ်လမ်းသည်လည်း ဖြောင့်ဖြူးသာယာစွာ ရှိနေပေလိမ့်မည်။

## မြန်မာ့ယဉ်ကျေးမှုအနုပညာကို တန်ဖိုးထားတတ်စေရန်ပျိုးထောင်

အမျိုးသားယဉ်ကျေးမှုအစ စာသင်ကျောင်းကဟု ဆိုချင်ပါသည်။ ကျောင်းနေအရွယ်ကလေးငယ်များကို အမျိုးဂုဏ်၊ ဇာတိဂုဏ် ချစ်မြတ်နိုးတတ်စေရန်နှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ မြန်မာ့ရိုးရာအနုပညာများကို မြတ်နိုးတန်ဖိုးထားတတ်စေရန် ဆရာ ဆရာမများက လမ်းညွှန်မှုနည်းလမ်းစနစ်ကျရန်လိုပါသည်။ ခေတ်ရေစီးကြောင်းပေါ်တွင် ကမ္ဘာ့ဂီတများ လွှမ်းမိုးနေချိန်ဝယ် မြန်မာ့ဂီတကို ချစ်မြတ်နိုးတတ်စေရန် သင်ကြားပေးသင့်ပါသည်။ ကျောင်းသားစုံညီပွဲတော် ဖျော်ဖြေတင်ဆက်ပွဲများတွင် မြန်မာသီချင်းများ၊ မြန်မာအကများဖြင့် တင်ဆက်ကပြစေခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအနုပညာအမွေများကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ကြပါလိမ့်မည်။

“လက်ရည်တစ်ပြင်တည်း....... နီးဒေါင်းလန်းတွေနဲ့...... ဝိုင်းဖွဲ့ကာ.... စားကြတယ်...”ဟူသော တေးရေးဆရာနန်းတော်ရှေ့ဆရာတင်၏ “လက်ရည်တစ်ပြင်တည်း”အမည်ရသောတေးသီချင်းဖြင့် စည်းလုံးညီညွတ်၍ ပျော်ရွှင်ဖွယ်ကောင်းသော မြန်မာ့တောဓလေ့ ရွာဓလေ့သီချင်းဖြင့်လည်းကောင်း၊ အဆိုတော်မေလှမြိုင်၏ “မြန်မာ့ကြွေးကြော်သံ” သီချင်းကဲ့သို့ မျိုးချစ်စိတ်နှင့် တိုင်းပြည်ကာကွယ်လိုစိတ်ကို ဖြစ်ပေါ်စေသောသီချင်းများဖြင့်လည်းကောင်း သင်ကြားပြသ ကပြစေခြင်းဖြင့် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ဆိုသလို မြန်မာ့အနုပညာနှင့် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာအမွေအနှစ်များကို တန်ဖိုးထားသောစိတ်များ ပေါက်ဖွားလာစေပါသည်။ ထို့ကြောင့် သင်ကြားပေးသော အနုပညာဆရာ ဆရာမများကလည်း သီချင်းရွေးချယ်ရာတွင် အဓိပ္ပာယ်လေးနက်သော၊ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေသော သီချင်းများ ရွေးချယ်ပေးခြင်းဖြင့် တိုင်းပြည်နှင့်လူမျိုးကိုချစ်သော စိတ်များ ပွင့်လန်းလာအောင် ကြံဆောင်ပေးရန် လိုအပ်ပါသည်။

## ရိုးရာယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရန် တစ်မျိုးသားလုံး တာဝန်ဖြစ်

ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာသည် အယဉ်ကျေးဆုံး၊ အနူးညံ့ဆုံးသောဘာသာဖြစ်ပါသည်။ ထို့ကြောင့်ဗုဒ္ဓဘာသာဝင်ဖြစ်သော မြန်မာနိုင်ငံသည် ယဉ်ကျေးသည့်နိုင်ငံဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များစွာဖြင့် လွှမ်းခြုံထားသော မြန်မာနိုင်ငံသားများသည် ကမ္ဘာပေါ်တွင် ကံအကောင်းဆုံးလူသားများပင်ဖြစ်ပေသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရေးတွင် ယဉ်ကျေးမှုထွန်းကားရေးသည်လည်း အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်ပါသည်။ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်လေးစားရပေမည်။ မိမိကိုယ်မိမိ လေးစားမှသာလျှင် အများလေးစားခြင်းကို ခံရမည်ဖြစ်သည်။ ထို့အတူပင် ကိုယ့်နိုင်ငံ၏ ယဉ်ကျေးမှုကို ကိုယ်ကလေးစားမှသာ အခြားနိုင်ငံများကလည်း လေးစားပေလိမ့်မည်။ လေးစားမှုရှိမှသာ တန်ဖိုးထားမှုရှိပေမည်။ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထား၍ ဆက်ဆံမှသာ သံတမန်ဆက်ဆံရေးများ အဆင်ပြေ၍ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်နိုင်ပေလိမ့်မည်။ ထိုမှတစ်ဆင့်တက်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများ နီးနှောဖလှယ်ခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံကြီးသည် ပန်းမျိုးစုံဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးသဖွယ် လှပတင့်တယ်လို့နေပါသည်။ ပန်းမျိုးစုံတို့တွင် အလှတရားကိုယ်စီရှိကြသကဲ့သို့ တိုင်းရင်းသားတို့တွင်လည်း ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ကိုယ်စီရှိကြလေသည်။ မည်သို့ပင်အရောင်အသွေးကွဲပြားစေကာမူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်မိုးအောက်တွင် ရှင်သန်နေထိုင်ကြသော ညီရင်းအစ်ကိုမောင်ရင်းနှမများဖြစ်ကြလေသည်။ မြန်မာ့မြေပေါ်တွင်ရှိသော ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုမှန်သမျှသည် မြန်မာပြည်တွင်ရှိသော တိုင်းရင်းသားအားလုံးပိုင်ဆိုင်ကြလေသည်။ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားရိုးရာဓလေ့ထုံးစံများ မပျောက်ပျက်ရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်မှာ ပြည်ထောင်စုသားအားလုံး၏ သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်ပေသည်။ ။

# အသည်းလှူနာ ဒေါက်တာလွင်မိုးကျော်နှင့် အသည်းအလှူရှင် ဒေါ်သိမ့်ရတနာအိမ်တို့နှင့် ခဏတာ

ရန်ကုန်မြို့ ခုတင် (၅၀၀) အထူးကုဆေးရုံကြီး၌ အသည်းအစားထိုးခွဲစိတ်မှုခံယူခဲ့သော အသည်းလှူနာ ဒေါက်တာလွင်မိုးကျော်နှင့် အသည်းအလှူရှင် ဒေါ်သိမ့်ရတနာအိမ်တို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်-

**သတင်းအဖွဲ့**



**မသိမ့်ရတနာအိမ်၊ အသက် ၂၂ နှစ်**
**၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

မေး။ ။ အသည်းလှူနာနဲ့ အမျိုးတော်စပ်ပုံ သိပါရစေ။

ဖြေ။ ။ မောင်နှမတစ်ဝမ်းကွဲ တော်စပ်ပါတယ်။

မေး။ ။ အသည်းလှူဖြစ်သွားပုံလည်း ပြောပေးပါဦး။

ဖြေ။ ။ ကျွန်မအဖေတုန်းကလည်း အခုလိုဝေဒနာခံစားပြီး ဆုံးသွားပါတယ်။ အခု အစ်ကိုကြီးလည်းခံစားရတော့ အစ်ကိုကြီး ကျန်းမာဖို့ လှူဖြစ်ခဲ့တာပါ။

မေး။ ။ ခွဲစိတ်ခန်းကို မဝင်ခင် ဘယ်လိုခံစားရပါသလဲ။

ဖြေ။ ။ ကျွန်မတစ်ခါမှ ခွဲစိတ်မခံရဖူးပါဘူး။ အခုက ကျွန်မအစ်ကိုဖြစ်နေတာရယ်၊ ခွဲစိတ်ပြီးသွားရင် သူကျန်းမာလာမှာရယ်၊ ကမ္ဘာ့ထိပ်တန်းခွဲစိတ်ဆရာဝန်ကြီးတွေနဲ့ ခွဲရတာဖြစ်လို့ ယုံကြည်စွာနဲ့ ခွဲခန်းဝင်ခဲ့ပါတယ်။ ဒါပေမဲ့ နည်းနည်းတော့ ကြောက်ပါတယ်။

မေး။ ။ ခွဲစိတ်ပြီးနောက် ဘယ်လိုခံစားရပါသလဲ။

ဖြေ။ ။ ကျွန်မအစ်ကိုကိုလည်း အသည်းပေးပြီးပြီ။ နှစ်ယောက်လုံးလည်း ကျန်းမာစွာရှိတဲ့အတွက်ကြောင့် ဝမ်းသာပါတယ်။ လူတစ်ယောက်ကို ကယ်ခွင့်ရခဲ့တဲ့အတွက်လည်း ကျွန်မအနေနဲ့ အလွန်ဝမ်းသာပါတယ်။

မေး။ ။ အသည်းအလှူရှင်တစ်ဦးအနေနဲ့ ဘာများ ပြောချင်ပါသလဲ။

ဖြေ။ ။ ပြည်သူ့ဆေးရုံဆိုတာ ပြည်သူတွေ အမှန်တကယ် အားကိုးရတဲ့နေရာ ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်မအစ်ကိုကိုလည်း အသည်းလှူပြီးပြီ။ နှစ်ဦးလုံးလည်း ကျန်းမာနေတယ်။ ကုန်ကျစရိတ်ကိုလည်း နိုင်ငံတော်က ထောက်ပံ့ပေးပြီးတော့ နိုင်ငံခြားက ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေကို ဖိတ်ခေါ်ပူးပေါင်းပြီးတော့ စိတ်ချယုံကြည်စွာနဲ့ ခွဲစိတ်မှုခံယူခဲ့တယ်။ အဲဒါကြောင့်မို့ နိုင်ငံတော်က စီစဉ်ပေးတဲ့ တာဝန်ရှိတဲ့သူ လူကြီးတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မလိုပဲ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ယုံကြည်စိတ်ချစွာ ပြည်သူ့ဆေးရုံတွေမှာ လာရောက်ကုသမှုခံယူဖို့ ပြောလိုပါတယ်။

**ဒေါက်တာလွင်မိုးကျော်၊ အသက် ၃၀ နှစ်**
**၁၄/၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

မေး။ ။ ရောဂါခံစားရပုံကို ပြောပြပေးပါ။

ဖြေ။ ။ အသည်းရောဂါဆိုတာကတော့ နာတာရှည်ရောဂါပါ။ အမောလွယ်လာတယ်၊ အားကုန်လာတယ်၊ ခြေလက်ဖောလာတယ်၊ ဗိုက်တွေပူလာတယ်။

မေး။ ။ အသည်းအစားထိုးခွဲစိတ်ဖို့ ဘယ်လိုစတင်ခဲ့ပါသလဲ။

ဖြေ။ ။ အသည်းအစားထိုးဖို့ဆိုတာ ကျွန်တော်တို့အနေနဲ့ မစဉ်းစားခဲ့ဖူးပါဘူး။ လက်လှမ်းမီတဲ့ အရာတစ်ခု မဟုတ်ခဲ့ပါဘူး။ ကုသပေးခဲ့တဲ့ ဆရာဝန်မကြီးက "မင်းအသည်းက အစားထိုးဖို့လိုနေပြီ၊ နိုင်ငံတော်က ကိုရီးယားဆရာဝန်ကြီးတွေ ခေါ်ပြီးတော့ အသည်းအစားထိုးပေးဖို့ အစီအစဉ်ရှိတယ်၊ ခုတင် (၅၀၀)အထူးကုဆေးရုံကြီးမှာလို့ ပြောခဲ့ပါတယ်"။ ဒါကြောင့် ကျွန်တော်အသည်းအစားထိုး ခွဲစိတ်ကုသဖြစ်သွားတာပါ။

မေး။ ။ ခွဲစိတ်ခန်းကို မဝင်ခင် ဘယ်လိုခံစားရပါသလဲ။

ဖြေ။ ။ ၂၀၁၀ ပြည့်နှစ်မှာ ကျွန်တော့် Spleen တစ်ခါ ခွဲဖူးပါတယ်။ အဲဒီတုန်းက ငယ်လည်းငယ်သေးတော့ ကြောက်ခဲ့ပါတယ်။ အခုတော့ အသက် ၃၀ လည်း ဖြစ်လာပြီ။ သတင်းတွေလည်းကြားမိပါတယ်။ ခွဲစိတ်ဖို့လာမယ့် ဆရာကြီးတွေက ကမ္ဘာ့ထိပ်တန်း အသည်းအစားထိုး ပညာရှင်တွေပါ။ ဒါကြောင့် စိတ်ချလက်ချပဲ ဘုရား၊ တရား အာရုံပြုပြီးတော့ ခွဲစိတ်ခန်းဝင်ခဲ့ပါတယ်။

မေး။ ။ ခွဲစိတ်ပြီးနောက် ဘယ်လိုခံစားရပါသလဲ။

ဖြေ။ ။ အသည်းအစားထိုးပြီးနောက် အသည်းအသစ်ကိုရလိုက်တယ်။ သက်တမ်းစေ့နေနိုင်မယ်ဆိုပြီး အလွန်ဝမ်းသာမိပါတယ်။

မေး။ ။ အသည်းအစားထိုးခွဲစိတ်ပြီးတဲ့ လူနာတစ်ဦးအနေနဲ့ ပြည်သူလူထုကို ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ ပြည်သူ့ဆေးရုံဆိုတာ ပြည်သူလူထုအများစု အားကိုးနေရတဲ့နေရာ ဖြစ်ပါတယ်။ လူနာကိုလည်း တတ်နိုင်သမျှ ကုန်ကျစရိတ်နည်းအောင်၊ ခုတ်ခွဲခန်းစရိတ်ကအစ စီစဉ်ပေးထားတာတွေရှိတော့ တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းပြီး ပြောကြားအသိပေးဖို့ ပြောပေးကြပါ။ အခု ခုတင်(၅၀၀)အထူးကုဆေးရုံကြီးမှာလည်း အသည်းအစားထိုးခွဲစိတ်မှုကို အောင်အောင်မြင်မြင် ခွဲစိတ်ကုသမှုပေးနေတယ်ဆိုတာကိုလည်း ပြောပြချင်ပါတယ်။ စီစဉ်ပေးသော ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ ခွဲစိတ်ဆရာဝန်ကြီးများအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။





# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား ကျောင်းသူများ တောင်ကြီးမြို့၌ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**တောင်ကြီး ဒီဇင်ဘာ ၃၀**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ နောက်ဆုံးနှစ် ဘီဒီအက်စ်(၁/၂၀၂၄) သင်တန်းသို့ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူ ၄၂ ဦး၊ အလုပ်သင်ဆရာဝန် လေးဦး၊ အုပ်ချုပ်သူ ဆရာ ဆရာမ ခုနစ်ဦး စုစုပေါင်း ၅၃ ဦး ပါဝင်သောအဖွဲ့သည် ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေး ပညာဌာန၏ သင်ရိုးညွှန်းတမ်းအရ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှု ကွင်းဆင်းလုပ်ငန်းများကို ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိ စဝ်စံထွန်းရပ်ကွက်၊ ရွှေတောင် ရပ်ကွက်၊ အေးသာယာပြည်သူ့ဆေးရုံ၊ ရွှေညောင်ပြည်သူ့ဆေးရုံ၊ ကံကြီးရပ်ကွက်တို့တွင် ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်ခဲ့သည်။



သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် သွားနှင့်ခံတွင်း ကျန်းမာရေး ပညာပေးဟောပြောခြင်း၊ သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူခြင်း၊ သွားနှင့်ခံတွင်း ရောဂါများကို ကုသမှုပေးခြင်းတို့ ပါဝင်ပြီး ထိုသို့ ဆောင်ရွက်မှုများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဌာနနှင့် ကုသရေးဦးစီးဌာနမှူး၊ တောင်ကြီးမြို့ ဗဟိုအမျိုးသမီးနှင့် ကလေးဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ လူထုအားကစားလ ပဥ္စမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်က သန်လျင်မြို့၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူအင်အား ၅၀၀ ကျော်တို့က သိမ်ကျောင်းလမ်းမကြီးတစ်လျှောက် ပါဝင်ဆင်နွှဲနေကြစဉ်။

တင်ဝင်းတင်

# တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားအောင် သတင်းမီဒီယာများမှ လုပ်ဆောင်နေမှုများ၊ မြန်မာနိုင်ငံ၏ရပ်တည်ချက်သည် မြန်မာမြေကို၊ မြန်မာနိုင်ငံပိုင်နက်ကို အသုံးပြုပြီး အိမ်နီးနားချင်းနိုင်ငံတွေရဲ့ အကျိုးစီးပွား၊ တည်ငြိမ်မှုနှင့် ပြည်သူလူထုလူမှုစီးပွားဘဝကို ထိခိုက်နှောင့်ယှက်စေသည့် မည်သည့်လုပ်ငန်းမျိုးကိုမှ လက်ခံမှာမဟုတ်ကြောင်း၊ မြန်မာနိုင်ငံ လောက်ကိုင်မှာရောက်ရှိနေတဲ့ တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်၊ ပူးပေါင်းစစ်ဆင်ရေး ညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ တိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးမှုများ၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အကြမ်းဖက်သောင်းကျန်းသူ AA အဖွဲ့မှဦးစီးပြီးဆောင်ရွက်နေသည့် ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) နှစ်တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ နှင့်အတူ မူးယစ်မှောင်ခို ဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

မနေ့ကတုန်းက ကျွန်တော်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ပုဂ္ဂိုလ် မစ္စမော်နင်းကနေ ပြီး သတင်းစာရှင်းလင်းပွဲမှာတော့ လောက်ကိုင်၊ တုံချိန်နေရာပေါ့ Crown ဟိုတယ်ရှေ့မှာ ပေါက်ကွဲမှုကြောင့် တရုတ်နိုင်ငံသားတွေ သေကြေဒဏ်ရာရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သတင်းမီဒီယာတွေကလည်း အမျိုးမျိုး တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားအောင် ဦးတည်ပြီး လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ တရုတ်နိုင်ငံအစိုးရဟာ နီးကပ်စွာပူးပေါင်းဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်အနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမြေကို မြန်မာနိုင်ငံ နိုင်ငံပိုင်နက်ကို အသုံးပြုပြီး မိမိရဲ့အိမ်နီးနားချင်းနိုင်ငံတွေအပေါ်မှာ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ အကျိုးစီးပွား၊ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ တည်ငြိမ်မှု၊ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ လူမှုစီးပွားဘဝကို ထိခိုက် နှောင့်ယှက်စေမယ့် မည်သည့်လုပ်ငန်းမျိုးကိုမှ လက်ခံမှာမဟုတ်ပါဘူး။ လောက်ကိုင်မှာရောက်နေတဲ့ တရုတ်နိုင်ငံသားတွေ၊ မြန်မာနိုင်ငံမှာ ရောက်နေတဲ့ တရားမဝင်တရုတ်နိုင်ငံသားတွေနဲ့ပတ်သက်ပြီး ပြန်လည်ပို့ဆောင်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အောက်တိုဘာလ ၃၁ ရက်နေ့ကနေ ဒီဇင်ဘာလ ၂၃ ရက်နေ့ထိ တရုတ်လူမျိုး အမျိုးသား ၁၀၉၁၄ ဦး၊ အမျိုးသမီး ၁၄၀၂ ဦး စုစုပေါင်း ၁၂၃၁၆ ဦး တရုတ်နိုင်ငံကို အပ်နှံပြီးဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီမှာ တရားမဝင်ရောက်ရှိနေတဲ့ ဗီယက်နမ် ၁၀၅၄ ဦး၊ ထိုင်း ၅၃၄ ဦး၊ မလေးရှား ၁၃၂ ဦး၊ စင်ကာပူ နှစ်ဦး၊ တောင်ကိုရီးယား ၂၀၊ ယူဂန္ဓာ တစ်ဦး၊ တရုတ်ထိုင်ဝမ် လေးဦး၊ အိန္ဒိယ လေးဦးစတဲ့ ကျန်တဲ့နိုင်ငံတွေလည်း ပါပါတယ်။ ကျန်တဲ့နိုင်ငံ တွေကတော့ လူဦးရေနည်းပါတယ်။ စတဲ့သူတွေကိုလည်း သက်ဆိုင်ရာ နိုင်ငံတွေကို လွှဲပြောင်းခဲ့ပြီး ဖြစ်ပါတယ်။ လောက်ကိုင် နယ်မြေနဲ့ ပတ်သက်လာရင် တိုက်ပွဲတွေ ဖြစ်ပွားလျက်ရှိတဲ့အတွက်ကြောင့်မလို့ တရုတ်လူမျိုးတွေနဲ့ပတ်သက်ပြီး ဘေးကင်းရာကို အမြန်ဆုံးထွက်ခွာကြဖို့၊ သက်ဆိုင်ရာတွေကို သတင်းပို့ဖို့ ကြော်ငြာစာတွေ၊ လက်ကမ်းစာ တွေ၊ ထို့ပြင် အသံချဲ့စက်နဲ့ လိုက်လံအသိပေးနှိုးဆော်တာတွေကို နေ့စဉ်ရက်ဆက်မပြတ် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အားလုံးလည်း သိမြင်တဲ့အတိုင်း လောက်ကိုင်မြို့မြို့တွင်းမှာဆိုရင် MNDAA ဟာ အရပ်ဝတ်တွေနဲ့ ဝင်ရောက်နေရာယူတာတွေ၊ လူနေအဆောက်အအုံ တွေကို စစ်ရေးအရ အသုံးပြုပြီး လူနေအဆောက်အအုံတွေကနေ တပ်စခန်းတွေကို နှောင့်ယှက်ပစ်ခတ်တာတွေ နေ့စဉ်ဆောင်ရွက် လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ မိမိရဲ့တပ်တွေဟာ တပ်စခန်းတွေမှာပဲ ရှိပါတယ်။ မြို့တွင်းမှာတော့ MNDAA တချို့က ယူနီဖောင်းနဲ့ ဖြစ်တယ်။ တချို့ကအရပ်ဝတ်နဲ့ နေထိုင်ပြီးတော့ တရုတ်နိုင်ငံသားတချို့ကို လူသားတံတိုင်းသဖွယ် အသုံးပြုနေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ နှစ်နိုင်ငံလုံးက ဂရုတစိုက်စောင့်ကြည့် တန်ပြန်ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ TNLA နဲ့ MNDAA အနေနဲ့ သူတို့လွှမ်းမိုးထားတဲ့ နယ်မြေတွေထဲမှာ အသက် ၁၅ နှစ်ထက်ကျော်ရင် အမျိုးသား၊ အမျိုးသမီး မကျန်၊ ယောကျ်ား၊ မိန်းမမကျန် လူသစ်စုဆောင်းနေတဲ့ သတင်းတွေလည်း ရရှိပါတယ်။ ဒ့ါအပြင် အွန်လိုင်းလိမ်လည်မှုမှာ ပတ်သက်နေတဲ့ တရုတ် နိုင်ငံသားတချို့ကို သူတို့ရဲ့ EAO နယ်မြေထဲကို အခကြေးငွေယူပြီး ထွက်ပြေးတိမ်းရှောင် ဖုံးကွယ်ထားတဲ့ သတင်းတွေကို ရရှိပါတယ်။ ကျွန်တော်တို့လည်း သက်ဆိုင်ရာတွေကို သတင်းပေးပို့ပြီး ဖြစ်ပါတယ်။ ဒီအွန်လိုင်းလိမ်လည်မှုကိစ္စဟာ ကျွန်တော်တို့ သိမြင်တာတွေထက်၊ ထင်ထားတာထက်အများကြီး ရှုပ်ထွေးတဲ့၊ နက်နဲတဲ့ကိစ္စဖြစ်ပါတယ်။




### နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရမှာဖြစ်

ဒီဇင်ဘာလ ၂၇ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ထိုင်းဘုရင့်တပ်မတော် ပူးပေါင်း စစ်ဆင်ရေး ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး Jakkapong Janpengpen နဲ့ တွေ့တဲ့အချိန်မှာလည်း နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ အွန်လိုင်းလောင်း ကစားမှုနဲ့ ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့်ကတော့ ကျွန်တော်တို့ နှစ်နိုင်ငံနယ်စပ် မြဝတီမြို့အနီးမှာရှိတဲ့ အွန်လိုင်းလောင်းကစားမှုနဲ့ ငွေကြေးလိမ်လည် မှုများ လုပ်ဆောင်လျက်ရှိတယ်ဆိုတဲ့ သတင်းစုံစမ်းရရှိတဲ့အတွက် နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရမှာ ဖြစ်တယ်ဆိုတာ ပြောခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အွန်လိုင်းလိမ်လည်မှုကို ဆက်လက်ဆောင်ရွက်နေတဲ့ နေရာတွေ၊ လုပ်ဆောင်နိုင်တဲ့ နေရာတွေ ကိုလည်း အသိပေးပြောကြားခဲ့ပါတယ်။ အကြမ်းဖက်သောင်းကျန်း သူတွေအနေနဲ့ကတော့ တရားမဝင်ငွေကြေးလိမ်လည်မှုတွေ၊ အွန်လိုင်း လောင်းကစားမှုတွေကို အမည်ခံတိုက်ဖျက်လုပ်ငန်းသာ လုပ်နေပြီး သူတို့ကိုယ်တိုင် ကာကွယ်ပေးနေတာပဲဖြစ်ပါတယ်။ ဒ့ါအပြင် မူးယစ် ဆေးဝါးလုပ်ငန်းတွေနဲ့လည်း ပတ်သက်နေတာကို တွေ့ရပါလိမ့်မယ်။

မကြာသေးမီလပိုင်းအတွင်းမှာလည်း ရှမ်းပြည်နယ်နဲ့ ရန်ကုန် တိုင်းဒေသကြီးတွေမှာ အကြမ်းဖက်သောင်းကျန်းသူ AA အဖွဲ့က ဦးစီးပြီးဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) နှစ်တန်ကျော် ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုး၊ ပြီးရင် ထိန်းချုပ် ဓာတုပစ္စည်း ကဖင်း ကီလိုဂရမ် ၈၀၀ နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ဖြစ်စဉ်မှာ ဒီဇင်ဘာလ ၃ ရက်နေ့မှာ စတင်ပြီးဖမ်းဆီးရမိပါတယ်။ အဲဒီကနေ လိုက်လံစစ်ဆေးတဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည် သာမြို့နယ် ပုလဲလမ်းမှာ ဒီအိုက်စ်တွေကိုသယ်ဆောင်ရာမှာ ပူးပေါင်း ပါဝင်နေတဲ့ AA အဖွဲ့က ဒုတိယဗိုလ်အဆင့်ရှိ နေလင်းထွန်း(ခေါ်) နောနော် (ခေါ်) ကျော်စိုး၊ ဒုတိယဗိုလ်အဆင့်ရှိ စိုးထွန်းတို့ကို ဖမ်းဆီးရ မိခဲ့ပါတယ်။ အဲဒီနေ့မှာပဲ ရွှေပြည်သာမြို့နယ်(၁) ရပ်ကွက် ကနောင် မင်းသားကြီးလမ်း ဂိုဒေါင်မှာ AA အဖွဲ့က ဗိုလ်အဆင့်ရှိ ထွန်းလင်း(ခေါ်) ပြုံးချိုကို အိုက်စ် ၈၆၅ ကီလိုနဲ့အတူ ဖမ်းဆီးရမိပြီးတော့ ညဘက်မှာ လည်း ကျွန်တော်တို့ ထပ်မံဖမ်းဆီးရမိခဲ့ပါတယ်။ ဒီဇင်ဘာလ ၇ ရက် နေ့ မနက် ၁၀ နာရီမှာ တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် မေတ္တာ လမ်းမှာ CANTER BOX ယာဉ်ပေါ်မှာ အိုက်စ် ၁၁၄၀ ကီလို၊ ထိန်းချုပ် ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပါတယ်။ ပူးပေါင်းအဖွဲ့တွေဟာ ဒီဇင်ဘာလ ၉ ရက်နေ့မှာလည်း ဆက်လက် ဖမ်းဆီးရာမှာ ဆင်မလိုက်သင်္ဘောကျင်းမှာ စိုးပိုင် (ခေါ်) စိုးစိုး၊ ဌေးလင်းဇော်၊ ကျော်ဌေးစိုး၊ AA အဖွဲ့က တပ်ကြပ်ကြီးအဆင့်ရှိ ကျော်ဟန်၊ တပ်သားအဆင့်ရှိ ကျော်လင်းဆန်းနဲ့ တပ်သားအဆင့်ရှိ ဦးထွန်းနုတို့ ခြောက်ဦးကိုပြည်ပသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာမှာ တနင်္သာရီ(၁)အမည်ရှိ သံခွံကုန်တင် သင်္ဘော တစ်စင်းနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။

### ဦးစီးဦးဆောင် ဆောင်ရွက်နေ

သိမ်းဆည်းရမိတဲ့ အိုက်စ်(မက်သ်အဖက်တမင်း) ၂ ဒသမ ၀၇ တန်ကို မူးယစ်မှောင်ခိုအသင်းဖွဲ့ပြီး ရှမ်းပြည်နယ်ကနေ ရန်ကုန်တိုင်း ဒေသကြီးကို သယ်ဆောင်ပြီး ပင်လယ်ရေကြောင်းကနေတစ်ဆင့် ပြည်ပသို့ သယ်ဆောင်ရောင်းဝယ်နေခြင်းဖြစ်ကြောင်း တွေ့ရှိရပါ တယ်။ အဲဒီမူးယစ်ဆေးဝါးတွေ၊ ထိန်းချုပ်ဓာတုပစ္စည်းတွေကို AA အဖွဲ့က ဗိုလ်မှူးကြီးအဆင့်ရှိတဲ့ ကျော်မြတ်ဦး(ခေါ်) သားသား (ခေါ်) ဝေသာထွန်းရဲ့ ဦးစီးစီမံခန့်ခွဲမှုနဲ့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရပါ တယ်။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ သတင်းဆက်များ ထပ်မံလိုက်လံ ကာ စုံစမ်းလျက်ရှိပါတယ်။ ဒီအကြမ်းဖက်သောင်းကျန်းသူတွေအနေ နဲ့ မူးယစ်ဆေးနဲ့ပတ်သက်ပြီး ဦးစီးဦးဆောင် ဆောင်ရွက်နေတာဖြစ်ပါ တယ်။ ကျွန်တော်တို့ပြောခဲ့သလို တရားမဝင်ငွေကြေးရတဲ့ လုပ်ငန်း တွေ၊ တရားမဝင်မှောင်ခိုလုပ်ငန်းတွေ၊ မူးယစ်ဆေးလုပ်ငန်းတွေ၊ အွန်လိုင်းလောင်းကစားမှုလုပ်ငန်းတွေ ဆောင်ရွက်ပြီး ငွေကြေးတွေ ရလာတယ်။ အဲဒီငွေကြေးတွေနဲ့အတူ လက်နက်ခဲယမ်းတွေဝယ်တယ်။ ကာကွယ်ပေးမယ့် လက်နက်ကိုင်အဖွဲ့အစည်းတွေ လုပ်တယ်။ ဒီတရားမဝင်လုပ်ငန်းတွေကို ကာကွယ်ပြီးလုပ်ဆောင်နေကြတာဖြစ် ပါတယ်။ ဒါတွေကိုကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက သိရှိရမှာဖြစ်ပါ တယ်။ ဒ့ါအပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ ညောင်ပင်သစ်ရွာအနီးမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ လက်နက်ခဲယမ်းတွေနဲ့အတူ ခိုအောင်းနေတယ်ဆိုလို့ ဒီဇင်ဘာလ ၂၉ ရက်နေ့ မနက်ပိုင်းမှာ ဒီနေရာ ကို တပ်မတော်အနေနဲ့ ဝင်ရောက်ချေမှုန်းခဲ့ပါတယ်။ အဲဒီမှာ လက်နက်ခဲယမ်းမျိုးစုံ ဖမ်းမိတဲ့အပြင် ယာဉ် ခုနစ်စီး မူးယစ်ဆေးဝါး တွေပါ ဖမ်းဆီးရမိခဲ့ပါတယ်။ WY အမျိုးအစား ဆေးပြား ၁၀၀၀၊ ဘိန်းဖြူပနက်စလင် ပုလင်း ၁၀ လုံးခန့် ကျွန်တော်တို့ ဖမ်းဆီးရမိခဲ့ပါ တယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ဒီအကြမ်းဖက်လက်နက်ကိုင်အဖွဲ့ တွေဟာ သူတို့အနေနဲ့ ဘယ်လိုပဲကြီးကြီးကျယ်ကျယ်စကားတွေ ကြွေးကြော်နေသည်ဖြစ်စေ သူတို့ရဲ့လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေ သည် အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါးမှု၊ တရားမဝင်မှောင်ခို ဒါတွေကိုပဲ လုပ်ဆောင်နေခြင်းဖြစ်တယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ ရှင်းလင်းစွာသိရှိရမှာ ဖြစ်ပါတယ်။ ဒ့ါကြောင့်မလို့ ပြည်ဖျက် သောင်းကျန်းသူတွေကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ရမှာ ဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ပူးပေါင်းပြီး သတင်းရယူခြင်း တွေ ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ ဒီအကြမ်းဖက် အဖျက်သမားတွေကို တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းချေမှုန်းရမှာဖြစ် ပါတယ်။ ဒါသည် နိုင်ငံတော်ကို၊ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက် နေခြင်းပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ (၁၃)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ကန်တော့ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ (၁၃) ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ကန်တော့ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်း အရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်း အရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင် အစည်းအရုံး(ဗဟို) တွဲဖက်အတွင်းရေးမှူး(၂)ဦးသီရိ မောင်မောင်နှင့် ကန်တော့ခံ သက်ကြီးဂီတပညာရှင် များ၊ စာပေပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲတင့်တို့က မုဒိတာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က ကျေးဇူးတင်စကားပြောကြား သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ ပွဲအတွက် လှူဒါန်းငွေကျပ်သိန်း ၁၀၀ နှင့် ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းငွေတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် သိန်း ၃၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သို့ အလှူရှင်များက လှူဒါန်းငွေများပေးအပ်လှူဒါန်း ရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)တွဲဖက် အတွင်းရေးမှူး(၁) ဦးမြတ်မင်းနှင့် တွဲဖက်အတွင်း ရေးမှူး(၂) ဩဝတီဦးကျော်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ကြီးဂီတပညာရှင်များအား မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို) အမှုဆောင်အဖွဲ့ဝင် တက္ကသိုလ် လဲ့လဲ့ကဦးဆောင်၍ ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးဦးရဲတင့်၊ မြန်မာနိုင်ငံဂီတအစည်း အရုံး(ဗဟို)မှ အမှုဆောင်များက ကန်တော့ခံ ဂီတ သက်ကြီးပညာရှင်များအား လှူဖွယ်ပစ္စည်းများကို ဂါရဝပြုပေးအပ်၍ ကန်တော့ခံဂီတသက်ကြီး ပညာရှင်များကိုယ်စား သက်ကြီးဂီတပညာရှင်တစ်ဦး က ဩဝါဒစကားပြောကြားသည်။

(၁၃)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် အသက်(၈၀)နှင့် အထက် သက်ကြီးဂီတပညာရှင်တစ်ဦးလျှင် ငွေကျပ် နှစ်သိန်း ခွဲနှုန်း၊ အသက်(၈၀)အောက် သက်ကြီးဂီတပညာရှင် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်း၊ တစ်သိန်းခွဲနှုန်း ဖြင့် လှူဒါန်းကြပြီး (၁၃)ကြိမ်မြောက် သက်ကြီးဂီတ ပညာရှင်များပူဇော်ပွဲတွင် ဂီတသက်ကြီးပညာရှင် ၁၆၀ တက်ရောက်ကန်တော့ခံခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ကျိုင်းတုံမြို့နှင့်ပတ်ဝန်းကျင်ရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကျိုင်းတုံ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ပတ်ဝန်းကျင်ရှိ လယ်ယာစိုက်ခင်းများသို့ သွားရောက်၍ စပါးစိုက်ပျိုးနေမှုနှင့် ဆောင်းသီးနှံ အာလူး၊ ပဲ၊ ပြောင်း၊ မုန်လာစိုက်ခင်းများကို ကြည့်ရှု ကာ စိုက်ပျိုးရေးတောင်သူများအား တွေ့ဆုံအားပေး စကားပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ကျိုင်းတုံစိုက်ပျိုးရေး သုတေသနခြံ၊ လွယ်လုံကျေးရွာရှိ ဥစားကြက်စီးပွား ဖြစ်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ယန်းပူး ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒဗုဒ္ဓ သာသနာပြုဗဟိုဌာနကျောင်းတိုက်နှင့် သံသရာအေး ကျောင်းတိုက်တို့သို့ သွားရောက်၍ ဆရာတော်များ အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီး- ကျိုင်းတုံလမ်းမပေါ်ရှိ ကျိုင်းဖောင်း တံတားသစ် တည်ဆောက်နေမှုလုပ်ငန်းနှင့် ကျိုင်းတုံ မြို့နယ် စည်ပင်သာယာရေးဌာနမှ ရပ်တော်မူလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးပြီး ကျိုင်းတုံမြို့ ကုန်တင် ယာဉ်ကြီးများ ယာယီယာဉ်ရပ်နားစခန်းတွင် ယာဉ်မောင်းများနှင့်တွေ့ဆုံကာ ကုန်စည်စီးဆင်းမှု နှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေတို့ကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုင်းတုံ မြို့ ပြည်နယ်အားကစားကွင်း ပွဲကြည့်စင်အဆင့် မြှင့်တင် တည်ဆောက်နေမှု လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့်အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးကာ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ကျိုင်းတုံမြို့အတွင်းရှိ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် အခြေခံစာတတ်မြောက် ရေးလုပ်ငန်းစာသင်ဝိုင်းများသို့ သွားရောက်ကြည့်ရှု အားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သမဝါယမအသင်းသားတောင်သူများ သီးနှံအထွက်နှုန်းတိုး၍ ဈေးကွက်ရရှိစေရန် သမဝါယမကဏ္ဍက ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

သမဝါယမအသင်းသားတောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုး ထုတ်လုပ်ရာတွင် စိုက်ပျိုးရေရရှိပြီး သီးနှံများအထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ရရှိစေရန် သမဝါယမကဏ္ဍက ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်တွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ သမဝါယမအသင်းသား တောင်သူများနှင့်တွေ့ဆုံကာ သမဝါယမ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု ခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဇေယျာသီရိမြို့နယ် ရှားစေးဖို၊ သပြေပင်၊ ထိန်ပင်၊ သာယာအေးကျေးရွာတို့မှ လျှပ်စစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေရယူအသုံးပြုနေသော တောင်သူများနှင့် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ ဆိုလာရေတင်စနစ်အသုံးပြုနေသော တောင်သူ များအား သီးနှံအထွက်တိုး၍ ဝင်ငွေတိုးပွားစေရန်၊ ဈေးကွက်ရရှိစေရန်၊ အတူတကွစုပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်များရရှိနိုင်စေရန် အတွက် သမဝါယမစနစ်ဖြင့် ဆောင်ရွက်နိုင်စေရေးနှင့် သမဝါယမ အသင်းဖွဲ့စည်းပေးခြင်း၊ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေး ခြင်းများ ပြုလုပ်ခဲ့ပြီး အသင်းသားတောင်သူများ၏ ပြန်လည်ဆွေးနွေး မှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရာသီချိန်လုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ် မတ်လအတွင်းစေလွှတ်နိုင်ရန် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများ မျှော်လင့်နေ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

တောင်ကိုရီးယားသမ္မတနိုင်ငံသို့ ရာသီချိန် လုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ် မတ်လအတွင်း စတင်ဆောင်ရွက်နိုင်ရန် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု အေဂျင်စီများ အနေဖြင့် မျှော်လင့်နေကြောင်း အေဂျင်စီ တစ်ခုမှ တာဝန်ရှိသူက ဆိုသည်။

ရာသီချိန် လုပ်သားစေလွှတ်ခြင်းလုပ်ငန်းစဉ် အရ ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီး ဌာန၏ ခွင့်ပြုချက်ဖြင့် ပထမဦးစွာ ကိုရီးယား နိုင်ငံ ဒေသန္တရအစိုးရနှင့် မြန်မာနိုင်ငံ ဒေသ အစိုးရတို့ နားလည်မှုစာချွန်လွှာ လက်မှတ် (MoU) ရေးထိုးရခြင်းဖြစ်ရာ ကိုရီးယားသမ္မတ နိုင်ငံရှိ သက်ဆိုင်ရာ ပြည်နယ်များ၊ မြို့တော် များမှ မြို့တော်ဝန်များ၊ အုပ်ချုပ်ရေးမှူးများ နှင့် မြန်မာနိုင်ငံမှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာဝန်ကြီးနှင့် လက်မှတ် ရေးထိုးနိုင်ရေး ဆောင်ရွက်ထားသကဲ့သို့ အလုပ် သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန လက်အောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် လက်မှတ်ရေးထိုး နိုင်ရန်လည်း ဆောင်ရွက်ထားကြောင်း အလုပ် သမားဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ရာသီချိန် လုပ်သားအလုပ်အကိုင် သည် ရှစ်လလုပ် လေးလနားစနစ်ဖြင့် ကာလ တို လုပ်ကိုင်ရခြင်းဖြစ်ကာ လုပ်အားခအနေဖြင့် လည်း သိန်း ၂၀၀ ဝန်းကျင်ခန့် ရရှိသည်ဟု သိရပြီး မြန်မာနိုင်ငံမှ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင် မည်ဖြစ်သည့်အပြင် ကိုရီးယားနိုင်ငံမှ စိုက်ပျိုး ရေး နည်းပညာများကို လေ့လာရန် အခွင့် အလမ်းရနိုင်မည်ဖြစ်ကြောင်း မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်(MOEAF) မှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရာသီချိန်လုပ်သား စေလွှတ်ရာတွင် နိုင်ငံ့ပုံရိပ်ထိခိုက်မှုရှိစေမည့် လုပ်သားများ ထွက်ပြေးခြင်း၊ တရားမဝင် နေထိုင်ခြင်း၊ ပြန်ပို့ခံရခြင်းများ မရှိစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်အတွက် သက်ဆိုင် ရာ အေဂျင်စီများကို လမ်းညွှန်ထားကြောင်း သိရသည်။

“လုပ်အားခအနေနဲ့ ကြည့်မယ်ဆိုရင် ဒေသတွင်းနိုင်ငံတွေထက် လစာပိုမိုရရှိတာ ဖြစ်တဲ့အပြင် ပြည်သူလူထုရဲ့ စားဝတ်နေရေး နဲ့ လူမှုအဆင့်အဆန်း ပိုမိုမြင့်တက်လာစေမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ လုပ်သားတွေရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး စေလွှတ်လိုခြင်းဖြစ်ပါ တယ်။ ဒါကြောင့် ကိုရီးယားသမ္မတနိုင်ငံကို ရာသီချိန် စိုက်ပျိုးရေးလုပ်သားများ ခေါ်ယူ နိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှာ ရှိတဲ့ ပြည်နယ်၊ ခရိုင်နဲ့ မြို့တော်များမှ အစိုးရအဖွဲ့များက မြန်မာနိုင်ငံနှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး၍ ဆောင်ရွက် လိုကြောင်းကို ပြည်ပအလုပ်အကိုင် အကျိုး ဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနသို့ လာရောက်တင်ပြမှုများ ရှိပါတယ်” ဟု အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောသည်။

**MT**

# ဒေသတစ်ခုတည်းအတွက်သာမက တစ်နိုင်ငံလုံးကို ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးမယ့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း

ထက်မြတ်



ရှေးယခင်တုန်းက မြို့တစ်မြို့တည်မည်ဆိုလျှင် မြစ်နီး၊ ချောင်းနီးသည့် နေရာကို ရှာဖွေကြလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် မြစ်နီး၊ ချောင်းနီးပါက သွားရေး၊ လာရေးနှင့် ကူးသန်းရောင်းဝယ်ရေး အဆင်ပြေစေသောကြောင့် ဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် သဘာဝအရင်းအမြစ်အနေဖြင့် ကမ်းရိုးတန်းတည်ရှိပြီး စနစ်တကျအသုံးပြုတတ်သော နိုင်ငံမှန်လျှင် ချမ်းသာကြွယ်ဝစမြဲဖြစ်သည်။ မြန်မာနိုင်ငံဆိုတာ သဘာဝအရင်းအမြစ်များနှင့်ပြည့်စုံနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ပြောနိုင်သည်။ မြန်မာနိုင်ငံမြေပုံကိုကြည့်လျှင် နယ်နိမိတ်စုစုပေါင်း အနက် အရှည် ၂၂၂၈ ကီလိုမီတာမှာ ပင်လယ်နှင့်ထိစပ်နေသည့် ကမ်းရိုးတန်းများသာ ဖြစ်သည်။

**ကမ်းရိုးတန်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအရေးပါသော နေရာတစ်ခုဖြစ်**

ကမ်းရိုးတန်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအရေးပါသော နေရာတစ်ခုဖြစ်သောကြောင့် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်လေလေ နိုင်ငံ၏ စီးပွားရေး တိုးတက်လေလေဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းများရှိသည့်အလျောက် ဆိပ်ကမ်းများစွာလည်းရှိသည်။ နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန် ၈၅ ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်ပေးလျက်ရှိသော အဓိကဆိပ်ကမ်းမှာ ရန်ကုန်ဆိပ်ကမ်းဖြစ်သည်။

သို့သော် ရန်ကုန်ဆိပ်ကမ်းသည် တန်ချိန် ၁၅၀၀၀၊ သင်္ဘောအလျား ၁၆၇ မီတာနှင့် ရေစူးအနက် ၉ မီတာရှိသော သင်္ဘောများကိုသာ လက်ခံနိုင်သည်။ တခြားသော ဆိပ်ကမ်းများမှာလည်း ရန်ကုန်ဆိပ်ကမ်းနည်းတူ မြစ်တွင်းဆိပ်ကမ်းများအဖြစ်သာ တည်ရှိနေသည်။

**ပင်လယ်ရေကြောင်းမှ ပို့ကုန်/ သွင်းကုန်ပမာဏ အလွန်များပြား**

ယနေ့ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ကြည့်လျှင် ပင်လယ်ရေကြောင်းမှ ပို့ကုန်/သွင်းကုန်ပမာဏ အလွန်များပြားလာသည်။ ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများမှာလည်း အရွယ်အစားပိုမိုကြီးမားလာကာ ရေစူးအနက်လည်း ပိုမိုများပြားလာသည်။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ယခုထက်ပိုပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်လိုပါက ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ရေနက်ဆိပ်ကမ်းများ မဖြစ်မနေလိုအပ်မည်မှာ အမှန်ပင်ဖြစ်သည်။

ဤအချက်ကို မြန်မာနိုင်ငံရှိ ခေါင်းဆောင်အစဉ်အဆက်က သဘောတူ လက်ခံသည့်အလျောက် ရေနက်ဆိပ်ကမ်းများကို အကောင်အထည်ဖော်ရန် ရည်ရွယ်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

ထိုသို့ အကောင်အထည်ဖော်နိုင်ရေးအတွက် သင့်လျော်သောနေရာကို ရှာဖွေရာ နှစ်နေရာကို တွေ့ရှိရသည်။ ယင်းနေရာများမှာ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူဒေသနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ဒေသတို့ဖြစ်သည်။

နိုင်ငံတော်၏ကောင်းကျိုးကိုလိုလားသော အစိုးရခေါင်းဆောင်များက ထိုနေရာများကို ရေနက်ဆိပ်ကမ်း သီးသန့်တည်ဆောက်ရန်အတွက် သာမကဘဲ အထူးစီးပွားရေးဇုန်များအဖြစ် အကောင်အထည်ဖော်ရန် စဉ်းစားခဲ့သည်။

**အထူးစီးပွားရေးဇုန် တစ်ခုထူထောင်ရာတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများကို အဓိကအားထား**

မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန် တစ်ခုထူထောင်ရာတွင် ပြည်တွင်းမှစီးပွားရေးလုပ်ငန်းရှင်များ၏ အားထက် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများကိုအဓိကအားထားရသည်။ ပြည်တွင်းမှ ပညာရှင်များက ပြည်ပမှ ပညာရှင်များနှင့် ပူးပေါင်းခွင့်ရသောကြောင့် အတွေ့အကြုံကောင်းများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာအစိုးရက ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ထူထောင်ရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ပွင့်လင်းစွာ ဖိတ်ခေါ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအနက်မှ တရုတ်နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည့် CITIC အုပ်စုက စီမံကိန်းကို အကောင်အထည်ဖော်မည့် ရင်းနှီးမြှုပ်နှံသူအဖြစ် ၂၀၁၅ ခုနှစ်တွင် ရွေးချယ်ခံရသည်။

**စီမံကိန်းစတင်ရန် နှစ်နှစ်ကျော် နှောင့်နှေးခဲ့**

စီမံကိန်းအတွက် အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သော သဘောတူစာချုပ် (Shareholders' Section Agreement) နှင့် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) တို့ကို ၂၀၂၀ ပြည့်နှစ်တွင် ချုပ်ဆိုနိုင်ခဲ့သည်။ မူလက ထိုစာချုပ်များ ချုပ်ဆိုပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ရန်ဖြစ်သော်လည်း ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့်သာမက နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရခြင်းတို့ကြောင့် စီမံကိန်းစတင်ရန် နှစ်နှစ်ကျော် နှောင့်နှေးခဲ့ရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှာတော့ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆောလျင်စွာ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေဖို့အတွက် ယခင်လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ်ကို ပိုမိုပြည့်စုံစေရန်နှင့် ပိုမိုရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန် လိုအပ်သောကြောင့် ယင်းနှင့်ဆက်စပ်နေသည့် နောက်ဆက်တွဲစာချုပ်ကို ချုပ်ဆိုလိုက်နိုင်ပြီဖြစ်သည်။

ထို့ကြောင့် လေ့လာဆန်းစစ်မှုများပြီးစီးသည့်နောက်ပိုင်း မကြာခင်အချိန်အတွင်းမှာ ကျောက်ဖြူရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများကို စတင်နိုင်တော့မည်ဖြစ်သည်။ စီမံကိန်းစတင်ဆောင်ရွက်ပြီဆိုသည်နှင့် ထိုအကျိုးကျေးဇူးကို စတင်ရရှိမည့်သူများမှာ ဒေသခံပြည်သူများသာဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တည်ဆောက်ရေးစီမံကိန်းဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်သောကြောင့်ဖြစ်သည်။ စီမံကိန်းပြီးစီးသွားပြီဆိုလျှင်တော့ ထိုမှရရှိသည့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများသာမက တစ်နိုင်ငံလုံးမှာရှိသည့် ပြည်သူများအားလုံး ရရှိစံစားရမည်သာဖြစ်သည်။

အခုဆက်ပြီး ပထဝီအနေအထားအရ ကျောက်ဖြူရေနက်ဆိပ်ကမ်း တည်ရှိမှုကြောင့် ရရှိလာနိုင်သည့် အကျိုးဆက်များကို တင်ပြပါမည်။ ကမ္ဘာ့ကုန်သွယ်ရေးတွင် အသုံးပြုမှု အများဆုံးလမ်းကြောင်းမှာ ရေလမ်းကြောင်းဖြစ်သည်ဟု တင်ပြခဲ့ပြီး ဖြစ်သည်။

**ကုန်တင်သင်္ဘောကြီးများဖြင့်တင်၍ ရေလမ်းကြောင်းမှ သယ်ယူခြင်းသည် ကုန်ကျစရိတ် အလွန်သက်သာ**

ကုန်တင်သင်္ဘောကြီးများဖြင့် တင်၍ ရေလမ်းကြောင်းမှ သယ်ယူခြင်းသည် ကုန်ကျစရိတ် အလွန်သက်သာသည်။ လေကြောင်းလိုင်းထက်စာလျှင် ရေလမ်းကြောင်းမှသယ်ယူခြင်းက အချိန်အနည်းငယ်ပိုပေးရသော်လည်း ပစ္စည်းပမာဏအများအပြားကို တစ်ချိန်တည်းတစ်ပြိုင်တည်းပို့ဆောင်နိုင်ခြင်းကြောင့် တွက်ခြေကိုက်သည့် ပို့ဆောင်ရေးနည်းလမ်းဖြစ်သည်။

ကမ္ဘာ့မြေပုံကို ရှေ့မှာချပြီးကြည့်ပါက ကမ္ဘာ့အရှေ့ခြမ်းမှ ကမ္ဘာ့အနောက်ခြမ်းသို့ ကုန်ပစ္စည်းများ တင်ပို့မှုအတွက် အသုံးပြုနေသည့် ပင်လယ်ရေလမ်းကြောင်းများကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုလမ်းကြောင်း တစ်လျှောက်တွင် ရေနက်ဆိပ်ကမ်းကြီးများရှိသည်။

**စင်ကာပူနိုင်ငံက ကမ္ဘာ့အကြီးဆုံး ရေနက်ဆိပ်ကမ်းနောက်တစ်ခု ပိုင်ဆိုင်တော့မည်**

အရွယ်အစား သေးငယ်လှပါသည်ဆိုသော စင်ကာပူနိုင်ငံပင်လျှင် ရေနက်ဆိပ်ကမ်းကြီးနှစ်ခုကို ပိုင်ဆိုင်ထားသည့်အတွက် ကုန်သွယ်ရေးဗဟိုချက်လိုဖြစ်နေသည်။ မကြာမီ စင်ကာပူနိုင်ငံက ကမ္ဘာ့အကြီးဆုံး ရေနက်ဆိပ်ကမ်းနောက်တစ်ခုကို ပိုင်ဆိုင်တော့မည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ »»

- **လေ့လာဆန်းစစ်မှုများ ပြီးစီးသည့်နောက်ပိုင်း မကြာခင်အချိန်အတွင်းမှာ ကျောက်ဖြူရေနက်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းများကို စတင်နိုင်တော့မည်ဖြစ်သည်။ စီမံကိန်းစတင်ဆောင်ရွက်ပြီဆိုသည်နှင့် ထိုအကျိုးကျေးဇူးကို စတင်ရရှိမည့်သူများမှာ ဒေသခံပြည်သူများသာဖြစ်**
- **စီမံကိန်းပြီးစီးသွားပြီဆိုလျှင်တော့ ထိုမှရရှိသည့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများသာမက တစ်နိုင်ငံလုံးမှာရှိသည့် ပြည်သူများအားလုံး ရရှိစံစားရမည်သာဖြစ်**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဒီဇင်ဘာလူထုအားကစားလနောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲနှင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

မော်လမြိုင် ဒီဇင်ဘာ ၃၀

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသားဖွားသင်တန်းကျောင်း၊ အားကစားနှင့်ကာယသိပ္ပံလေ့ကျင့်ရေး ကျောင်း (မော်လမြိုင်)၊ အခြေခံပညာအထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အားကစားလိုက်စားသူ အများပြည်သူများ စုစုပေါင်း ၁၃၀၀ ကျော်သည် မော်လမြိုင်မြို့ ရာမည အားကစားကွင်းအတွင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။



### စုပေါင်းပါဝင်ဆောင်ရွက်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျန်းမာရေးလိုက်စားသည့် အများပြည်သူများသည် ရာမည အားကစားကွင်းအတွင်း သွေးပူလေ့ကျင့်ခန်းအတွဲ အမှတ်(၁) နှင့် အတွဲအမှတ်(၂)၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ၊ Fitness Dance အကတို့ဖြင့် အတူတကွ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

### ဆုများချီးမြှင့်

ဆက်လက်၍ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲများကို ကျင်းပရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပျော်ပွဲရွှင်ပွဲ အစီအစဉ်အနေဖြင့် အမှတ်တရဆုမဲများ ဖောက်ပေးခဲ့ကြကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လသာမြို့နယ်၌ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ (ပဉ္စမပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၅ နာရီခွဲတွင် လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ လသာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရန်နိုင်ဝင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဆန်းထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးရဲမှူး အောင်အောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ ပါဝင် ဆင်နွှဲခဲ့ကြသည်။

ဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် စုပေါင်းလမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲကြသူများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ လသာလမ်း၊ မဟာဗန္ဓုလလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ အနော်ရထာလမ်း၊ လမ်းမတော်လမ်း၊ဗိုလ်ချုပ်အောင်ဆန်းလမ်းကြောင်းအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး အထက(၁)လသာတွင် ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှု သွေးပူလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**နန်းသဲနုအောင်(ပြန်/ဆက်)**




## လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ လူထုလမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်တွင် ယနေ့နံနက် ၅ နာရီက ဒီဇင်ဘာ နောက်ဆုံးပတ်အားကစားလ လူထုလမ်းလျှောက်ပွဲ ဆင်နွှဲကြောင်း သိရသည်။

### သရုပ်ပြဆောင်ရွက်

လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများသည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့ မှတ်တိုင်၌ စုပေါင်း၍ သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း ရန်ကုန်-ညောင်တုန်းလမ်းမှ ပီမိုးနင်းလမ်းထိ ပီမိုးနင်းလမ်းမှ ပုသိမ်လမ်းဈေးလေးမှတ်တိုင်မှ ကျန်စစ်သားလမ်းတစ်လျှောက် မြို့နယ်စီမံအုပ်ချုပ်ရေး ရုံးရှေ့မှတ်တိုင်အထိ အသွားအပြန် လမ်းလျှောက်ကြပြီး ရုံးရှေ့စုရပ်၌ ကိုယ်ခန္ဓာကျန်းမာစေရန်အတွက် ကိုယ်လက်လေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့ကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ မြို့နယ်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၆၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

■

»»» စာမျက်နှာ ၁၀ မှ

- **ဒေသတစ်ခုတွင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ပါက ထိုလုပ်ငန်းမှရရှိသည့် အကျိုးကျေးဇူးများကို အရင်ဆုံးရရှိသူများမှာ ဒေသခံပြည်သူများပင်ဖြစ်**
- **မြန်မာနိုင်ငံအတွက် ပထမဆုံးသော ရေနက်ဆိပ်ကမ်းဖြစ်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်တကွ အထူးစီးပွားရေးဇုန်နှင့် စက်မှုဥယျာဉ် စီမံကိန်းကြီးကတော့ မကြာမီအကောင်အထည်ပေါ်လာတော့မည်**
- **စီမံကိန်းကြီးပြီးစီးသွားမှသာမဟုတ်ဘဲ စီမံကိန်းစတင်ပါပြီဆိုကတည်းက ဒေသခံပြည်သူများအတွက်သာမက နိုင်ငံတော်တစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် များစွာသောဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်တော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်**

တချို့သော သင်္ဘောများသည် ကုန်စည်ကူးသန်းတင်ပို့ရာတွင် မလိုအပ်ဘဲပတ်သွားနေရသည့်အတွက် စက်သုံးဆီပိုသုံးရသလို ကုန်ကျစရိတ်လည်း ပိုမိုကျသင့်နေရသည်။

အကယ်၍များ မြန်မာနိုင်ငံမှာ ရေနက်ဆိပ်ကမ်းများ တည်ဆောက်ပြီး ကုန်သွယ်ရေးဗဟိုချက်အဖြစ် ဖန်တီးနိုင်မည်ဆိုလျှင် ဘယ်လောက်တောင်ကောင်းလိမ့်မလဲဟု ကျွန်တော့်အနေဖြင့် ယခင်တုန်းက တွေးမိသည်အထိပင်ဖြစ်သည်။ အခုတော့ ကျွန်တော်တွေးထင်ထားသည့် စီမံကိန်းကြီးက အကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်း အပါအဝင် အထူးစီးပွားရေးဇုန်ကို တည်ဆောက်ပြီးစီးသွားပါက တစ်နှစ်လျှင် ကုန်သေတ္တာအလုံးရေ ခုနစ်သန်းခန့် လက်ခံထားနိုင်မည် ဖြစ်သောကြောင့် ဒေသတွင်း ကုန်သွယ်ရေးအတွက်သာမက ကမ္ဘာ့ကုန်သွယ်ရေးအတွက်ပါ အချက်အချာကျသည့် နေရာဖြစ်လာမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေသည့် ကုန်ပစ္စည်းအများစုကို တရုတ်နိုင်ငံက ထုတ်လုပ်တင်ပို့နေရသောကြောင့် ဖြစ်သည်။ တရုတ်နိုင်ငံက ကုန်ပစ္စည်းများတင်ပို့ရာတွင် ဝေးလံသော ရေလမ်းကြောင်းများ၊ ကုန်ကျစရိတ်ကြီးမြင့်သော ကုန်းလမ်းကြောင်းများနှင့် လေကြောင်းလိုင်းများကို အသုံးပြုနေရသည်။

### တရုတ်နိုင်ငံအနေဖြင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းမှ တစ်ဆင့် ကမ္ဘာတစ်ဝန်းသို့ တင်ပို့လျှင် ကုန်ကျစရိတ်သက်သာမည်

တရုတ်နိုင်ငံအနေဖြင့် သူတို့၏ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံထဲမှ ဖြတ်သန်းကာ ကျောက်ဖြူရေနက်ဆိပ်ကမ်းမှ တစ်ဆင့် ကမ္ဘာတစ်ဝန်းသို့တင်ပို့မည်ဆိုလျှင် ကုန်ကျစရိတ် အလွန်သက်သာသွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံမှထွက်ရှိသည့် ကုန်ပစ္စည်းများကိုလည်း ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့နိုင်ဦးမည်ဖြစ်သည့်အတွက် မိမိတို့၏ ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်မည်ဖြစ်သည်။

တစ်ဖက်တွင် ကုန်ပစ္စည်းများကို ဖြတ်သန်းခွင့်ပြုမှုအတွက် ဝင်ငွေများရရှိမည်ဖြစ်သလို အခြားတစ်ဖက်တွင် မိမိတို့၏ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်း စီးပွားရေးတိုးတက်မှုများ ရှိလာမည်ဖြစ်သည်။

ထို့ပြင် ပြည်ပမှ သွင်းကုန်များကို တင်သွင်းရာတွင် အခြားနိုင်ငံများ၏ ဆိပ်ကမ်းများကို အားကိုးစရာမလိုတော့သောကြောင့် ပြည်သူများအနေဖြင့် ကုန်ကျစရိတ် သက်သာသွားမည်ဖြစ်သည်။

ထို့ကြောင့် ပြန်ကြည့်မည်ဆိုလျှင် ရေနက်ဆိပ်ကမ်းတစ်ခုတည်ဆောက်မှုက များစွာသောအကျိုးကျေးဇူးများကို ရရှိဖြစ်ထွန်းစေကြောင်းတွေ့ရမည်ဖြစ်သည်။

ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် မျက်နှာပန်းလှသည့် နိုင်ငံဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံကြီးနှင့်တကွ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများကို မဖွံ့ဖြိုးမတိုးတက်စေလိုသော လူတစ်စုကလည်း သက်သက်ကိုရှိသည်။ ထိုသူတွေကတော့ မြန်မာနိုင်ငံ ကောင်းစားရေးအတွက် အစိုးရနှင့် ပြည်သူလက်တွဲ လုပ်ဆောင်မှုမှန်သမျှကို မကောင်းပြောဖို့ အသင့်စောင့်နေသည်။

တချို့ကလည်း သွေးခွဲစကားဆိုသေးသည်။ ကျောက်ဖြူရေနက်စီမံကိန်းမှ အကျိုးအမြတ်များကို ဒေသခံပြည်သူများမရရှိဘဲ နစ်နာမှုများသာ ရှိမည်ဟု ဆိုကြခြင်းဖြစ်သည်။ ဒီကိစ္စကဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ အားလုံးအသိပင်ဖြစ်သည်။

ဒေသတစ်ခုတွင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ပါက ထိုလုပ်ငန်းမှရရှိသည့်အကျိုးကျေးဇူးများကို အရင်ဆုံးရရှိသူများမှာ ဒေသခံပြည်သူများပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံအတွက် ပထမဆုံးသော ရေနက်ဆိပ်ကမ်းဖြစ်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်တကွ အထူးစီးပွားရေးဇုန်နှင့် စက်မှုဥယျာဉ် စီမံကိန်းကြီးကတော့ မကြာမီအကောင်အထည် ပေါ်လာတော့မည်ဖြစ်သည်။

စီမံကိန်းကြီးပြီးစီးသွားမှ သာမဟုတ်ဘဲ စီမံကိန်းစတင်ပါပြီဆိုကတည်းက ဒေသခံ ပြည်သူများအတွက်သာမက နိုင်ငံတော်တစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် များစွာသော ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်တော့မည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်ကြောင်း ဂုဏ်ယူစွာ ရေးသားတင်ပြလိုက်ရပါသည်။ ။

# မုံရွာမြို့၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

မုံရွာ ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒီဇင်ဘာအားကစားလ (ပဉ္စမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအရှေ့ဘက်ရှိ ဗိုလ်ချုပ်လမ်းပေါ်၌ ကျင်းပသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူ အင်အား ၄၀၀၀ ကျော်မှ စုရပ်နေရာဖြစ်သည့် မုံရွာမြို့ ပြည်သူ့အားကစားကွင်းမှစတင်ကာ ဗိုလ်ချုပ်လမ်းတစ်လျှောက် ကန်သာယာမြို့ ရာပြည့်ကပ်ကျော်စေတီတော်မုခ်ဦးအထိ၊ ၎င်းမှအနောက်ဘက် ကန်သာယာအရှေ့ဘက် ကန်ပေါင်တစ်လျှောက်မှ ဗိုလ်ချုပ်လမ်းအတိုင်း ပြည်သူ့အားကစားကွင်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။



### ကြည့်ရှုအားပေး

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကံစမ်းမဲများ ဖွင့်ဖောက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဆုမဲပေါက်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုမဲပေါက်သူများထံ ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသော ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ရောက်ရှိရာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စည်ပင်သာယာရေးအသင်းနှင့် လူမှုရေးရာ-၂ အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်းနှင့် လမ်းပန်းဆက်သွယ်ရေးအသင်းတို့ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးမှ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော စည်ပင်သာယာရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးဇော်ထူးက အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသော လမ်းပန်းဆက်သွယ်ရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုအား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသော လူမှုရေးရာ-၂ အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုအားလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးမှ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသော စည်ပင်သာယာရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုအားလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးမှ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသော လူမှုရေးရာ-၁ အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဆုရအားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကာ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဟိုပုံးမြို့နယ်၌ ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ဟိုပုံး ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ဒီဇင်ဘာလ (ပဉ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးရှေ့မှစတင်၍ ဟိုပုံး-လွိုင်လင် ပြည်ထောင်စုလမ်းမှတစ်ဆင့် ဟိုပုံး-ဆီဆိုင် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ကျောက်တိုင်ကွင်းအထိ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ထိုသို့စုပေါင်းလမ်းလျှောက်ပွဲ ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သိန်းနိုင်နှင့် အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ(၁)၊ အတွဲ(၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



# ရှားငံမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရှားငံ ဒီဇင်ဘာ ၃၀

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားငံမြို့နယ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ပဉ္စမအကြိမ်ကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၆ နာရီက ကျင်းပသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဦးဆောင်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ရှားငံမြို့အဝင်ဆိုင်းဘုတ်မောင်းတံဂိတ်ရှေ့၌ စုရပ်အဖြစ်သတ်မှတ်ကာ ပြည်သာယာလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ထို့နောက် ရှားငံမြို့ မြို့မဘောလုံးအားကစားကွင်းတွင် ကိုယ်ကာယလေ့ကျင့်ခန်းများ၊ သွေးပူလေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



# တရုတ်နိုင်ငံ၏ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း မြေပဲလုံးဆန်များ အရောင်းအဝယ်ကောင်းမွန်

မန္တလေး ဒီဇင်ဘာ ၃၀

၂၀၂၄ ခုနှစ်အကြိုကာလ ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာသည့် မြေပဲလုံးဆန်များ အရောင်းအဝယ်သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

၂၀၂၃ ခုနှစ်အကုန် ကူးပြောင်းချိန်ကာလတွင် မြေပဲလုံးဆန်များသည် မန္တလေးဈေးကွက်အတွင်းသို့ နွားထိုးကြီး၊ ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ချောက်စသည့်ဒေသအသီးသီးမှ ဝင်ရောက်လာကြောင်း၊ အဆိုပါမြေပဲလုံးဆန်များသည် တရုတ်နိုင်ငံ၏ ဝယ်ယူမှုများကြောင့် ယခုလက်ရှိအချိန်တွင် မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ နှင့် မြေပဲလုံးဆန် S-1 အဖြူ တစ်ပိဿာလျှင် ငွေကျပ် ၇၁၀၀ ဈေးနှုန်းတို့ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ သွက်နေကြောင်း သိရသည်။

“ ယခုရက်ပိုင်း ခရစ်နှစ်ကူးချိန်ကာလမှာ တရုတ်ဝယ်လက်တွေက မြေပဲလုံးဆန်တွေကို ပြန်လည်ဝယ်ယူနေတာကြောင့် ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေတယ်။ ဆောင်းသီးနှံမြေပဲတွေ ပြန်လည်အရောင်းအဝယ်ကောင်းလာပါတယ်။ လွန်ခဲ့တဲ့တစ်လကျော်အချိန်က အရောင်းအဝယ်တွေ အေးစက်သွားပါတယ်။ ခုချိန်မှာ တရုတ်ဝယ်လက်တွေ စတင်ဝယ်ယူလာတာကြောင့် မြေပဲလုံးဆန်ဈေးက သိသိသာသာကောင်းနေပါတယ်။ မန္တလေးဈေးကွက်မှာ ယခုအချိန် နယ်စုံဒေသက ဆောင်းမြေပဲတွေလည်း လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ ခုလိုဝင်ရောက်နေတာကြောင့် မြေပဲဆီ၊ မြေပဲဆန်တွေလည်း အရောင်းအဝယ်တွေ ကောင်းလာပါတယ်။ ဒီရာသီမှာ တောင်သူတွေအတွက် အရောင်းအဝယ်အဆင်ပြေနေပါတယ်။ ခုရက်ပိုင်းမှာ တရုတ်ဝယ်လက်တွေက ဝယ်ယူနေတာကြောင့် မြေပဲလုံးဆန်တွေဟာ အရောင်းအဝယ်တွေ သွက်လက်မြန်ဆန်နေပါတယ်” ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။



အဆိုပါ မြေပဲများကို မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားသုံးမှုဖူလုံစေရန်အတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချရန် အဓိကသီးနှံအဖြစ် အားထားစိုက်ပျိုးကြပြီး ၎င်းဒေသများအနက် မကွေးတိုင်းဒေသကြီးတွင် မြန်မာပြည်၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ရသည်အထိ အများဆုံးထွက်ရှိကြောင်း၊ စားသုံးဆီအနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံစေကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# အမေရိကန်အစိုးရက အစ္စရေးအစိုးရကို အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၅ သန်းတန်ဖိုးရှိ လက်နက်များ ရောင်းချရန် အတည်ပြု

ဂျေရုဆလင် ဒီဇင်ဘာ ၂၀

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး တပ်ဖွဲ့ဝင်များက စစ်ဆင်ရေး ဆက်လက်ဆင်နွှဲလျက်ရှိစဉ် အမေရိကန်အစိုးရသည် အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၅ သန်းတန်ဖိုးရှိသည့် အမြောက်ကျည်ဆန်များ အပါအဝင် အခြားသော ဆက်စပ်လက်နက်များကို အစ္စရေးအစိုးရထံ ရောင်းချရန် သဘောတူညီချက်ကို ယမန်နေ့တွင် အတည်ပြုခဲ့ကြောင်း သိရသည်။



အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါသဘောတူညီချက်ကို ဒီဇင်ဘာ ၃၀ ရက်တွင် တရားဝင် ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

အစ္စရေးအစိုးရကို လက်နက်များ ချက်ချင်းရောင်းချရန် လိုအပ်သည့် အရေးပေါ်အခြေအနေကြောင့် အမေရိကန် အစိုးရသည် လက်နက်ရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီချက်ကို အတည်ပြုရာတွင် ပုံမှန်ကျင့်ပပြုလုပ်သည့် အထက်လွှတ်တော်အစည်းအဝေး၏ ပြန်လည်သုံးသပ်မှုကို ရယူခြင်းမရှိခဲ့ကြောင်း သိရသည်။

သမ္မတ ဂျိုးဘိုင်ဒင်ဦးဆောင်သည့် အမေရိကန်အစိုးရသည် အစ္စရေးနိုင်ငံသို့ လက်နက်များ ထောက်ပံ့ရန် အထက်လွှတ်တော်၏ သဘောတူညီမှုမယူဘဲ ရောင်းချရန် သဘောတူညီခဲ့သည်မှာ ယခုလအတွင်း ဒုတိယအကြိမ်ဖြစ်သည်။

အထက်လွှတ်တော်၏ သုံးသပ်မှုမယူဘဲ ယင်းသို့လုပ်ဆောင်ခြင်းသည် အမေရိကန်အစိုးရအပေါ် အမေရိကန်ပြည်သူများသာမက အခြားနိုင်ငံများကပါ ဝေဖန်မှုများ ပိုမိုမြင့်တက်လာကြောင်း သိရသည်။

ဂျိုးဘိုင်ဒင်အစိုးရသည် ဂါဇာကမ်းမြောင်ဒေသရှိ အရပ်သားများကို ကာကွယ်ရန် အစ္စရေးအစိုးရကို တိုက်တွန်းထားကြောင်းအလေးပေးပြောကြားလျက်ရှိသော်လည်း လက်ရှိတွင် အစ္စရေးတပ်ဖွဲ့ဝင်များသည်ဟားမတ်စ်အဖွဲ့အပေါ် စစ်ဆင်ရေးဆင်နွှဲမှုများ အရှိန်ပြင်းစွာ ဆောင်ရွက်လျက်ရှိသည့်အတွက် သေဆုံးသူအရေအတွက် ပိုမိုမြင့်တက်လျက်ရှိကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက အာဖဂန်နစ္စတန်နိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများနှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ပြဿနာများဖြေရှင်းရန် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်

ကုလသမဂ္ဂ ဒီဇင်ဘာ ၂၀

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အာဖဂန်နစ္စတန်နိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်နှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်ရည်ရွယ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ယနေ့တွင် ချမှတ်ခဲ့ကြောင်း သိရသည်။



အဆိုပါဆုံးဖြတ်ချက်ကို ဂျပန်နိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့က ပူးတွဲရေးဆွဲခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမျိုးသမီးအခွင့်အရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို ကျယ်ပြန့်သောနည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်း အလေးပေးဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် ယင်းဆုံးဖြတ်ချက်သည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အကြား ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံ အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အပြည့်အဝပြန်လည်ပေါင်းစည်းနိုင်စေရန် တွန်းအားတစ်ခုဖြစ်စေကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွက် အထူးသံတမန်တစ်ဦး ခန့်အပ်ရန်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်အား ယင်းဆုံးဖြတ်ချက်တွင် တောင်းဆိုထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့က ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အာဏာရယူပြီးနောက် နိုင်ငံတကာ အကူအညီများ ရပ်ဆိုင်းသွားကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများလည်း ဆိုးရွားလာခဲ့သည်။

တာလီဘန်များသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပညာရေးနှင့် အလုပ်လုပ်ကိုင်ခွင့်များကို နိုင်ငံအတွင်း ကန့်သတ်ထားသည်။

အဆိုပါ ဆုံးဖြတ်ချက်သည် တာလီဘန်များနှင့် ကမ္ဘာ့နိုင်ငံများအကြား ဆွေးနွေးမှုများပြုလုပ်ရန် အထောက်အကူဖြစ်စေနိုင်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်၏ နိုင်ငံခြားကုန်သွယ်မှု ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၈၃ ဘီလီယံအထိရှိ

ဟန္နိုင်း ဒီဇင်ဘာ ၂၀

ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆၈၃ ဘီလီယံ စံချိန်တင်ရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေကန်ဒေါ်လာ ၂၈ ဘီလီယံရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံး၏ နောက်ဆုံးစာရင်းဇယားများအရ သိရသည်။ .

ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ဒေါ်လာ ၃၅၅ ဒသမ ၅ ဘီလီယံရှိခြင်းကြောင့် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၅ ဘီလီယံရှိခြင်းကြောင့် ယမန်နှစ်ကထက် ၈ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ စက်မှုလုပ်ငန်းအဖွဲ့၏ ပို့ကုန်ဝင်ငွေသည် ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ ၃၁၃ ဒသမ ၇၃ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယင်းပမာဏသည် ဗီယက်နမ်နိုင်ငံ ပို့ကုန်တန်ဖိုး စုစုပေါင်း၏ ၈၈ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး သွင်းကုန်ဈေးကွက်နိုင်ငံဖြစ်ပြီး ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၁၁ ဒသမ ၆ ဘီလီယံခန့်ရှိကြောင်း အဆိုပါအစီရင်ခံစာက ဖော်ပြထားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# ဂျပန်အာကာသအေဂျင်စီက H3 ဒုံးပျံသစ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် လွှတ်တင်မည်

တိုကျို ဒီဇင်ဘာ ၂၀

ဂျပန်အာကာသအေဂျင်စီသည် နိုင်ငံ၏ H3 ဒုံးပျံသစ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် လွှတ်တင်ရန် ဒုတိယအကြိမ် ကြိုးပမ်းမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဂျပန်အာကာသအေဂျင်စီသည် ဒီဇင်ဘာ ၂၈ ရက်တွင် H3 ဒုံးပျံသစ်ကို လွှတ်တင်မည့်အချိန်ဇယားကို တရားဝင်ကြေညာခဲ့သည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီမာစီရင်စုရှိ တာနီဂါရှီမာ အာကာသစခန်းမှ ဖေဖော်ဝါရီ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၂ မိနစ်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

ယခုနှစ် မတ်လတွင် ပထမဆုံး လွှတ်တင်မှုသည် ဒုံးပျံ၏ ဒုတိယအဆင့်အင်ဂျင်ကို မီးလောင်ခြင်းမရှိဘဲ မစ်ရှင်အဆုံးသတ်ခဲ့သည်။ ဂျပန်အာကာသအေဂျင်စီသည် ဒုံးပျံပျံသန်းမှုအချက်အလက်များကို လေ့လာမှုများပြုလုပ်ပြီးနောက် အစီအစဉ်အောင်မြင်မှုမရှိသည့် အဓိကအကြောင်းရင်းသုံးခုကို ဖော်ထုတ်ခဲ့သည်။

ထို့နောက် အာကာသအေဂျင်စီသည် ၂၀၂၄ ခုနှစ် အစောပိုင်းတွင် ဒုတိယအကြိမ် ကြိုးပမ်းမှုပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် အချက်အလက်များကို စစ်ဆေးမှုများပြုလုပ်ခြင်းအပါအဝင် လိုအပ်သော ပြင်ဆင်ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်။

H3 ဒုံးပျံသည် H2A ဒုံးပျံ၏ ဆင့်ပွားနည်းပညာတစ်ခုဖြစ်ပြီး နှစ်ပေါင်း ၃၀ အတွင်း ဂျပန်နိုင်ငံက တီထွင်ခဲ့သော ပထမဆုံးနှင့် အကြီးမားဆုံးသော ဒုံးပျံဖြစ်သည်။

ယင်းဒုံးပျံအသစ်သည် H2A ဒုံးပျံထက် ၁ ဒသမ ၃ ဆ တိုးမြှင့်ရန် ဒီဇိုင်းထုတ်ထားပြီး ပစ်လွှတ်မှုကုန်ကျစရိတ်ကို ထက်ဝက်ခန့် လျှော့ချထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တူကီယဲလ်နိုင်ငံ ရဲတပ်ဖွဲ့က နိုင်ငံတစ်ဝန်းရှိ အိုင်အက်စ်ဟု သံသယရှိသူ ၁၈၉ ဦးကို ဖမ်းဆီးထား

အန်ကာရာ ဒီဇင်ဘာ ၂၀

တူကီယဲလ်နိုင်ငံ အတွင်းရှိ ပြည်နယ် ၃၇ ခုတွင် အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူ ၁၈၉ ဦးကို တူကီယဲလ်နိုင်ငံ လုံခြုံရေးအဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တူကီယဲလ်နိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အိုင်အက်စ်အဖွဲ့ဝင်ဟု ယူဆရသူများကို ဖမ်းဆီးထိန်းသိမ်းရေး ပြည်နယ်အားလုံးတွင် တစ်ပြိုင်နက်တည်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တူကီယဲလ်နိုင်ငံ ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ယခင်က တွစ်တာဟုလူသိများကြသည့် လူမှုမီဒီယာပလက်ဖောင်း "X" တွင် ရေးသားဖော်ပြခဲ့သည်။



အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူအများစုကို မြို့တော်အန်ကာရာတွင် ထိန်းသိမ်းထားခြင်းဖြစ်ပြီး နိုင်ငံ၏ လူဦးရေအထူထပ်ဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်တွင် ၂၂ ဦး ဖမ်းမိခဲ့ကြောင်း သိရသည်။

တူကီယဲလ်နိုင်ငံအစိုးရသည် အိုင်အက်စ်တို့အား အကြမ်းဖက်အဖွဲ့အဖြစ် ၂၀၁၃ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး အိုင်အက်စ်တို့ကြောင့် ၂၀၁၅ ခုနှစ်မှစ၍ တူကီယဲလ်နိုင်ငံအတွင်း လူအသေအပျောက်များသည့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–အလင်းသစ်**

# ပန်းတနော်ရေနက်ကွင်းမှ ပြည်ပပို့ကုန်အများအပြား ထုတ်လုပ်ဖြန့်ဖြူးမည်

ခရမ်းစိုးမြင့်

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအနီး ရေနက်ကွင်းဧက ၃၆၀၀ တွင် နိုင်ငံတော်ကခွင့်ပြု၍ ငါးမွေးမြူခြင်းနှင့် စပါးစိုက်ပျိုးခြင်းတို့ကို ၁၉၉၈ ခုနှစ်မှ စတင်ဆောင်ရွက်နေသည့် ဦးဌေးမြင့်၏ ယုဇနကုမ္ပဏီက Global Earth Agro and Aqua Industry Public Co.,Ltd. (GEAAI) ဟု အမည်ပြောင်းလိုက်သည်။ ထို့နောက် သမားရိုးကျငါးမွေးမြူခြင်းမှ ခေတ်မီနည်းစနစ်ဖြင့် ငါးမွေးမြူခြင်းနှင့် စက်ရုံတည်ဆောက်၍ ငါးအသားလွှာများ အေးခဲအောင်ပြုလုပ်ပြီး ပြည်ပပို့ကုန်များ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြားသိရသည်။



ပန်းတနော်ရေနက်ကွင်းမှ စိုက်ပျိုးသီးနှံဘေးထွက်ပစ္စည်းသုံး စက်မှုစီမံကိန်းကြီးကို တွေ့ရစဉ်။

ပန်းတနော်ရေနက်ကွင်းစီမံကိန်းမှ ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တွေ့ဆုံပြီး ထိုစီမံကိန်းမှ ကုမ္ပဏီအရာရှိ ဒေါ်နီနီမိုးကို ခေါ်၍ စီမံကိန်းတစ်ခုလုံးကို လိုက်ပြရန် ညွှန်ကြားခဲ့သည်။ ထို့နောက် ကျွန်တော်နှင့် ဓာတ်ပုံသတင်းထောက် မလဲ့လဲ့မောင်တို့သည် ဒေါ်နီနီမိုး၏ကားဖြင့် စီမံကိန်းမှ ငါးလေးပြုစုကန်ကိုလည်းကောင်း၊ ငါးမွေးကန်များတွင် အသုံးပြုရန် ရေကို ရေထိန်းတံခါးဖြင့် ယူသည့် ရွှေလောင်ချောင်း ရေတံခါးကိုလည်းကောင်း၊ ခေတ်မီငါးမွေးစတီးကန်နှင့် မြေသားကန်များ၌ မွေးမြူထားသည့်ငါးများ အစာကျွေးနေသည်ကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ပါသည်။

ထို့ပြင် ငါးအေးခဲစက်ရုံ၊ စပါးခွံသုံးလျှပ်စစ်ဓာတ်အားထုတ်စက်ရုံ၊ ငါးအစာတောင့်စက်ရုံ၊ ဟိုတယ်များတည်ဆောက်နေပုံကိုလည်း လိုက်လံပြသသည်။ GEAAI က ဘုရားချောင်းကျေးရွာအနီး ရေနက်ကွင်းဧက ၃၆၀၀ အနက်မှ ၉၀၀ ကို ရေမဝပ်ရအောင် တမံတုတ် ရေကာတာ ကာရံသည်။ ကုန်းမြေများဖြစ်အောင် ဆောင်ရွက်ပြီး စီမံကိန်းလုပ်ဆောင်နေခြင်းဖြစ်သည်။

**ငါးပိသားချိန် ၁၅၀၀၀၀ အထိ ထုတ်လုပ်ရန်စီစဉ်**

၁၉၉၈ ခုနှစ်မှစ၍ ယုဇနကုမ္ပဏီသည် ပန်းတနော်မြို့နယ် ရေနက်ကွင်း၌ လုပ်ပိုင်ခွင့်ရသည့် ဧက ၃၆၀၀ အနက် ဧက ၉၀၀ ပေါ်တွင် ၂၀၂၀ ပြည့်နှစ်မှစ၍ ဒုတိယအကြိမ် ခေတ်မီငါးမွေးမြူရေးလုပ်ငန်းကို တစ်ဟက်တာလျှင် ငါးပိသားချိန် ၁၅၀၀၀၀ အထိ ထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးရန် ဖြန့်ဖြူးသည့်အပြင် ပြည်ပပို့ဆောင်ရေးအတွက် ငါးအသားအေးခဲသည့် စက်ရုံ၊ စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အပါအဝင် အထွေထွေလုပ်ငန်းများကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



ပန်းတနော်ရေနက်ကွင်းတွင် GEAAI က တည်ဆောက်ထားသည့် ငါးအအေးခန်းစက်ရုံကို တွေ့ရစဉ်။

ယခုအခါ အခြားစက်ရုံများမပြီးမီ ငါးမွေးမြူရေးတွင် ခေတ်မီစနစ်ဖြင့် စတီးကန်များပြုလုပ်ကာ မွေးမြူနေသည်။ ငါးမွေးစတီးကန် ၉၀ ရှိသည့်အနက် ၂၆ ကန်တွင် တစ်ကန်လျှင် ငါးတန်ကောင်ရေ ၈၀၀၀၀ မွေးမြူထားရာ ၂၆ ကန်တွင် ငါးကောင်ရေ သိန်း၂၀ ကျော်ရှိသည်ဟု သိရသည်။ တစ်ကန်လျှင် ကောင်ရေ ၈၀၀၀၀ အစား ၁၃၀၀၀၀ အထိ မွေးမြူသွားမည်ဟု ဆိုသည်။

ငါးတန်သည် အလယ်ရိုးတစ်ချောင်းသာပါရှိပြီး အသားပေါများသည့် ငါးမျိုးဖြစ်သည်။ ကမ္ဘာ့အဖြူရောင်ငါးများတွင် ပါဝင်ပြီး အနံ့မရှိအောင် မွေးမြူနိုင်ပါက လူအများစားသုံးရန် သင့်တော်သည့် ငါးမျိုးဖြစ်သည်။ ငါးမွေးမြူရေး အောင်မြင်အောင် စားသုံးရန်အသင့်ဖြစ်သည့် Value Added လုပ်ဆောင်ရန် Processing and Cold Storage Industry များ လိုအပ်သည်ဟု သိရသည်။ GEAAI က အများပိုင်ကုမ္ပဏီတစ်ခုဖြစ်အောင် ရည်မှန်းထားသည်ဟု ဆိုသည်။

**ငါးအစာများ ထုတ်လုပ်ခြင်း**

စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းပညာများ ပေါင်းစပ်ပြီး အရည်အသွေးကောင်းအောင် ထုတ်လုပ်ရန်လိုအပ်ပါသည်။ ဒေသတွင်းထွက်ရှိသည့် ဘေးထွက်ပစ္စည်းများ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ငါးအစာများ ထုတ်လုပ်ခြင်း၊ စက်ရုံကုန်ကြမ်း လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် ဒေသခံပြည်သူများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ အဘက်ဘက်မှ တိုးတက်လာစေရန် ရည်ရွယ်၍ လုပ်ဆောင်နေကြောင်း၊ စီမံကိန်းတစ်ခုလုံး ပြီးစီးလည်ပတ်ပါက လူဦးရေ ၆၀၀၀ ကျော်နှင့် ဆက်စပ်လူဦးရေ ၅၀၀၀၀ ကျော်အထိ အလုပ်အကိုင်များ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နိုင်ငံဝင်ငွေတိုးတက်အောင် ရှာဖွေ**

GEAAI သည် ပြည်တွင်းလိုအပ်ချက် အစားအသောက်များ ဖြည့်ဆည်းပေးရန်၊ ပြည်ပမှ တင်သွင်းလာသည့် အစားအသောက်များ လျှော့ချနိုင်ရန်နှင့် ပြည်ပသို့ စားသောက်ကုန် အမြောက်အမြားတင်ပို့ပြီး နိုင်ငံ့ဝင်ငွေတိုးတက်အောင် ရှာဖွေရန်တို့ကို လုပ်ဆောင်မည့် Public Company မှ (Listed Company) စာရင်းဝင်ကုမ္ပဏီဖြစ်ပြီး အများပြည်သူပါဝင်ခွင့်ရအောင် ပန်းတိုင်ထားရှိ လုပ်ဆောင်နေကြောင်း သိရသည်။

ထို့အပြင် GEAAI ကုမ္ပဏီက ငါးမျိုးများ ထိန်းသိမ်းခြင်း၊ စနစ်တကျ ငါးသားဖောက်နည်းနှင့် ငါးသားပေါက်ပြုစုသည့်စနစ်ကို စနစ်တကျ ငါးမွေးမြူရေးစနစ်၊ အစာတောင့်ထုတ်လုပ်ခြင်းနှင့် ငါးအစာကျွေးမွေးခြင်း စီမံဆောင်ရွက်သည့်စနစ်၊ ငါးပြုပြင်ထုတ်လုပ်ခြင်း၊ ငါးအသားအလျင်အမြန်အေးခဲခြင်း၊ ငါးအခြေခံဘေးထွက်ပစ္စည်းများမှ တန်ဖိုးမြှင့်အစားအစာအဖြစ် ထုတ်လုပ်သည့်စနစ်အပြင် စပါးခွံအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ်တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာနှင့် ရုံးခန်းများ တည်ဆောက်ခြင်း၊ မြေဖို့လုပ်ငန်းနှင့် ရေနုတ်မြောင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ စိမ်းလန်းစိုပြည်လှပရေးအတွက် အရိပ်ရနှင့် စားသုံးသီးနှံပင်များ စိုက်ပျိုးခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ။

**"ဒေသတွင်းထွက်ရှိသည့် ဘေးထွက်ပစ္စည်းများ အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ငါးအစာများထုတ်လုပ်ခြင်း၊ စက်ရုံကုန်ကြမ်းလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် ဒေသခံပြည်သူများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ အဘက်ဘက်မှ တိုးတက်လာစေရန် ရည်ရွယ်၍ လုပ်ဆောင်နေကြောင်း၊ စီမံကိန်းတစ်ခုလုံး ပြီးစီးလည်ပတ်ပါက လူဦးရေ ၆၀၀၀ ကျော်နှင့် ဆက်စပ်လူဦးရေ ၅၀၀၀၀ ကျော်အထိ အလုပ်အကိုင်များရရှိနိုင်"**



ပန်းတနော်ရေနက်ကွင်းတွင် GEAAI က တည်ဆောက်နေသည့် ငါးအစာတောင့်စက်ရုံကို တွေ့ရစဉ်။




PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့် ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသော မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။

■ **စစ်ကိုင်းတိုင်းဒေသကြီးမှ** ခိုအောင်းနေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ၎င်းကျေးရွာ ပတ်ဝန်းကျင်အား လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယာယီစခန်းတစ်ခုအား တွေ့ရှိခဲ့သဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများထံမှ RPG ဒုံးပစ်လောင်ချာ တစ်လက်၊ လက်လုပ်သေနတ် သုံးလက်၊ ခဲယမ်းမျိုးစုံ၊ အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ် ခုနစ်စီး၊ မူးယစ်ဆေးဝါးမျိုးစုံနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရရှိခဲ့သည်။ ထို့အပြင် အကြမ်းဖက်သမားများက မတရားဖမ်းဆီးချုပ်နှောင်ထားသည့် အပြစ်မဲ့ပြည်သူ ခြောက်ဦးကိုလည်း ပြန်လည်ကယ်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ဒဏ်ရာရရှိထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ဆောင်ရွက်ပေးလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားရာမှ ပြန်လည်လွတ်မြောက်လာသည့် ပြည်သူများ၏ စကားသံများအား ယခုလိုကြားသိခဲ့ရပါသည်-

၁။ အကြမ်းဖက် PDF ငါးဦးဟာ ကျွန်တော့်ကို ပြန်ပေးဆွဲသွားပါတယ်။ ပြန်ပေးဆွဲပြီး သူတို့စခန်း



ရောက်တဲ့အချိန်မှာ ကျွန်တော့်ကို ရောက်ရောက်ချင်းပဲ ရိုက်နှက်ညှဉ်းပန်းပါတယ်။ သူတို့ဆီမှာ နေရတဲ့အချိန်မှာ သံခြေချင်းကြီးတွေခတ်ပြီး ကျွန်တော်တို့ကို ဘာမြောင်းလဲတော့ မသိဘူး မြောင်းအရှည်ကြီးတွေကို တူးဖော်ခိုင်းပြီး ညှဉ်းပန်းဆဲဆိုတာခံရပါတယ်။ ဒီဇင်ဘာ ၂၈ ရက်နေ့မှာ ကျွန်တော့်ကို ခေါ်ပြောပါတယ်။ ဒီဇင်ဘာ ၃၁ ရက်နေ့မှာ မင်းကို ပိုက်ဆံ သိန်း ၁၀၀၀ နဲ့မှ လာမရွေးဘူးဆိုရင် သတ်ပစ်မယ်ဆိုတဲ့ အကြောင်း ကျွန်တော့်ကို ပြောတယ်။ ဒီဇင်ဘာ ၂၉ ရက်နေ့ မနက်ပိုင်း ၄ နာရီခွဲ လောက်မှာ ကျွန်တော်တို့ကို တပ်မတော်ကနေ လာရောက်ကယ်ထုတ်သွားတဲ့ အတွက် အထူးပဲ ကျွန်တော်တို့ မြန်မာ့တပ်မတော်ကြီးကို ကျေးဇူးတင်လို့ မဆုံးပါဘူး။

၂။ ကျွန်တော် ကြက်ဥအရောင်းအဝယ်လုပ်ပါတယ်။ ကြက်ဥအရောင်းအဝယ်လုပ်ရင်း ဒီဇင်ဘာ ၂၀ ရက်နေ့မှာ အကြမ်းဖက် PDF အမျိုးသား သုံးယောက်၊ အမျိုးသမီး နှစ်ယောက်ဟာ ရောက်လာပြီးတော့ ကျွန်တော့်ကို မျက်စိပဝါစည်းပြီးတော့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။ သူတို့စခန်းရောက်တဲ့ အခါကျတော့ ကျွန်တော့်ကို ထိုးကြိတ်တာတွေ၊ ကန်ကျောက်တာတွေ လုပ်ပြီးတော့မှ



ခြေထောက်ကိုလည်း ဝါးခြမ်းပြားတွေနဲ့ အချက်ပေါင်းများစွာ ရိုက်ခဲ့ပါတယ်။ ညပိုင်းမှာ သံခြေချင်းကြီးခတ်ပြီးတော့ ကျွန်တော့်ကိုထားခဲ့ပါတယ်။ အဲဒီလိုနဲ့ နောက်ရက်တွေမှာဆိုရင်တော့ သူတို့ မြောင်းတူးခိုင်းတာတွေ၊ ရေဆွဲခိုင်းတာတွေ၊ သန့်ရှင်းရေး လုပ်ခိုင်းတာတွေ အလုပ်ပေါင်းစုံကို လုပ်ခိုင်းခဲ့ပါတယ်။ ကျွန်တော်တို့လည်း ကြောက်လန့်နေတဲ့ အတွက် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီနောက် ထင်းခွေ၊ ရေဆွဲ၊ ထင်းခွဲ၊ ထင်းဖြတ်တွေလည်း လုပ်ခဲ့ရပါသေးတယ်။ အချုပ်ဆောင်ထဲမှာပဲ ပြန်လည်ထားပါတယ်။ သေးပေါက်ချေးပါကအစ ကိုယ်တိုင် လွတ်လွတ်လပ်လပ် သွားလို့မရပါဘူး။ သေနတ်ကိုင်တွေရဲ့ အစောင့်အရှောက်တွေနဲ့ သွားခဲ့ရပါတယ်။ သူတို့ဘေးက အချင်းချင်းပြောနေတဲ့ စကားသံကိုလည်း ကျွန်တော် ကြားနေရပါတယ်။ ဒီဇင်ဘာ ၃၁ ရက်နေ့ သိန်း ၅၀၀ နဲ့ လာမရွေး ဘူးဆိုရင် ဒီကောင်တွေကို သတ်ပစ်မယ်ဆိုတဲ့ ခြိမ်းခြောက်သံတွေကိုလည်း ကျွန်တော် ကြားနေရပါတယ်။ ဒီလိုနဲ့ ရက်တွေကကုန်ဆုံးပြီးတော့ ဒီဇင်ဘာ ၂၉ ရက်နေ့မှာ တပ်မတော်စစ်ကြောင်းက ဝင်ရောက်လာပြီးတော့ မနက် ၄ နာရီခွဲလောက်မှာ သူတို့နဲ့ တိုက်ပွဲဖြစ်ပြီးတော့ တပ်မတော်က ကျွန်တော်တို့ကို ကယ်တင်ခဲ့တဲ့အတွက် ကျွန်တော်တို့ အသက်ချမ်းသာရာရခဲ့ပါတယ်။ တပ်မတော်ကိုလည်း အထူးကျေးဇူးတင်ပါတယ်ခင်ဗျ။



၃။ ကျွန်တော့် စီးပွားရေးလုပ်ငန်းကတော့ ကုန်စုံဆိုင်လေးဖွင့်ထားပါတယ်။ ဒီဇင်ဘာ ၂၅ ရက်နေ့မှာ ကျွန်တော့်ဆိုင်ကို PDF အကြမ်းဖက် ၁၀ ယောက်လောက်ကဝင်ပြီး ကျွန်တော့်ကို ရိုက်နှက်ပြီးတော့ သူတို့စခန်းကို ခေါ်ဆောင်သွားပါတယ်။ နောက်ရက်မှာ ကျွန်တော့်ကို သံခြေချင်းတွေခတ်ပြီး ကျင်းတွေတူးခိုင်းပါတယ်။ သူတို့က ကျွန်တော့်ကို ဒီဇင်ဘာလ ၃၀ ရက်နေ့မှ သိန်း ၅၀၀ နဲ့ မင်းမိသားစုက လာမရွေးရင် ကျွန်တော့်ကို သတ်ပစ်မယ်လို့ ပြောပါတယ်။ ဒီဇင်ဘာ ၂၉ ရက်နေ့မှာ တပ်မတော်စစ်တပ်က ကျွန်တော်တို့ကို ကယ်တင်ပြီး ကောင်းမွန်စွာထားရှိပါတယ်။ တပ်မတော်ကို အထူးပင် ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။



၄။ ဒီဇင်ဘာလ ၅ ရက်နေ့ ညနေလောက်မှာ PDF ငါးယောက်လောက်က သူတို့စခန်းကို ဖမ်းဆီးပြီးတော့ ခေါ်သွားပါတယ်။ သူတို့စခန်းကိုရောက်တော့ ကျွန်တော့်ကို သံခြေချင်းခတ်ပြီး ရိုက်နှက်နှိပ်စက်ပါတယ်။ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ကျွန်တော့်မိသားစုက သိန်း ၅၀၀ နဲ့ လာမရွေးရင် သတ်ပစ်မှာလို့ ခြိမ်းခြောက်ပါတယ်။ ဒီဇင်ဘာ ၂၉ ရက်နေ့ မနက်မှာ တပ်မတော်စစ်ကြောင်းက ကယ်တင်ပြီး ကျွန်တော်တို့ကို ကောင်းမွန်စွာထားထားပါတယ်။ အဲဒီအတွက် တပ်မတော်ကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။

အဆိုပါ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အနေဖြင့် ကျေးရွာများအတွင်းသို့ ဝင်ရောက်ကာ ဆက်ကြေးကောက်ခံခြင်း၊ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ ပြည်သူများအပေါ် အကြမ်းဖက် သတ်ဖြတ်ခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အတင်းချုပ်နှောင် ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု(Counter-terrorism Action) ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# မိုင်းယောင်းမြို့နယ်၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိုင်းယောင်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေပြီး ရာသီမရွေးသွားလာနိုင်ရန် ရည်ရွယ်၍ ဟောင်ကြန့်ကျေးရွာအုပ်စု ခိုကဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ခိုကဲကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၄၈၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၂ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၈၉ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၇ ဒသမ ၈၉ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂

# လှည်းကူးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပဲနန်းတုတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၆၈ ဦးတို့ကို အဆိုပါကျေးရွာရှိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ သမ္ဗုဒ္ဓေချောင်သဒ္ဓမ္မဝါဒီ သီလရှင်စာသင်တိုက်မှ သာသနာ့နွယ်ဝင် သီလရှင် အပါး ၁၅၀ တို့ကို အဆိုပါစာသင်တိုက်ရှိ ဓမ္မာရုံ၌လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့များက သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗွီဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စပ်ပြဲကျေးရွာနှင့် လေးသွန်းခံကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ခဲ့ကြောင်း မဟုတ်မမှန်သတင်းများကို လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စပ်ပြဲကျေးရွာနှင့် လေးသွန်းခံကျေးရွာတို့ကို ဒီဇင်ဘာ ၂၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်လာပြီး ဒေသခံနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် မီးမရှို့မီ နေအိမ်များအတွင်း ဝင်ရောက်မွှေနှောက်ပြီး ရွှေ၊ ငွေနှင့် ဆိုင်ကယ်အပါအဝင် တန်ဖိုးရှိပစ္စည်းများကို အတင်းအဓမ္မယူဆောင်သွားကြောင်း လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် လောင်းလုံးမြို့နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရာတွင် လူနေအိမ်များအတွင်းမှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်းတို့ဖြင့် ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ယူ၍ လုပ်ဆောင်ခြင်းနှင့် ဆုတ်ခွာထွက်ပြေးရာတွင်လည်း နေအိမ်များကိုမီးရှို့လျက်ရှိပြီး ၎င်းတို့၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်တောမြို့အတွင်းသို့ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်များ မီးလောင်၊ ရမ်းဗြဲမြို့ရှိ နေအိမ်များအား တပ်မတော်က မီးရှို့ဖျက်ဆီးဟု မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ် ပေါက်တောမြို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် နေအိမ်များ မီးလောင်နေပြီး ရမ်းဗြဲမြို့ရှိ နေအိမ်များကိုလည်း တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း တရားမဝင် မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




၎င်းသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေအလိုက် လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်များအရ တပ်မတော်က ပေါက်တောမြို့သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းမရှိကြောင်းနှင့် ရမ်းဗြဲမြို့အတွင်းရှိ နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခြင်း မရှိကြောင်း သိရှိရပြီး AA သောင်းကျန်းသူ အဖွဲ့များက ပေါက်တောမြို့နှင့် ရမ်းဗြဲမြို့ ပတ်ဝန်းကျင်တွင် ခိုအောင်းလှုပ်ရှားနေပြီး အခွင့်သာသည့် အချိန်တွင် မြို့/ရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဝင်ရောက်မီးရှို့ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် AA သောင်းကျန်းသူအဖွဲ့၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင် လွဲမှားစေရန်နှင့် နိုင်ငံတကာစာမျက်နှာများပေါ်တွင် တပ်မတော်ပုံရိပ်များ ကျဆင်းစေရန်အတွက် ကောလာဟလ သတင်းတု၊ သတင်းအမှားများကို အချိန်ကိုက် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၅၀ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၀ | ၂၆၀၅ | ၂၅၈၅ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၈၇၀ | ၂၉၀၀ |
| 95 Ron | ၂၆၅၅ | ၂၇၀၅ | ၂၇၀၅ | ၂၆၆၅ | ၂၇၀၅ | ၂၇၂၅ | ၂၇၁၀ | ၂၆၉၀ | ၂၇၉၀ | ၂၈၀၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၀ | ၂၇၅၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၆၅ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၇၅ | ၂၈၀၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၂ | ၂၅၁၄ |
| 95 Ron | ၂၅၃၃ | ၂၆၁၈ |
| HSD (500 ppm) | ၂၃၂၃ | ၂၃၉၉ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တပ်ကုန်းမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၀

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးများသို့ သွားရောက်စစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ တပ်ကုန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘဏ်နှင့် ဆက်သွယ်လာသူများအား ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးနှင့် ပင်စင်လစာထုတ်ယူသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များ၊ ဘဏ်လုံခြုံရေး၊ ပစ္စည်းလုံခြုံရေးနှင့် သတင်းလုံခြုံရေးတို့ကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် မျက်ခြည်မပြတ် အမြဲဂရုပြုဆောင်ရွက်ကြရေး မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တပ်ကုန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ သွားရောက်စစ်ဆေးပြီး အခွန်ရငွေများ တိုးမြှင့်ကောက်ခံရရှိနိုင်ရေးအတွက် အခွန်နှုန်းများကို တိုးမြှင့်ခြင်းမပြုဘဲ အခွန်ကောက်ခံနိုင်သည့် အခွန်အခြေ တိုးချဲ့ဖော်ထုတ်နိုင်သည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရေး၊ လျာထားချက်ထက်ပြည့်မီကျော်လွန်အောင် ကောက်ခံနိုင်မည့်အခြေအနေများ၊ တိုးတက်လာသည့် နည်းပညာများကို အသုံးပြု၍ အခွန်တိုးချဲ့ကောက်ခံနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရန် မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မြို့နယ်မန်နေဂျာက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ လုပ်ငန်းစီမံချက်နှစ်ခုဖြစ်သည့် ကြွေးကျန်လျှော့နည်းကျဆင်းရေးစီမံချက်နှင့် အလွဲသုံးစားမှုလျှော့နည်း ပပျောက်ရေးစီမံချက်တို့ကို အောက်ခြေဝန်ထမ်းများ သိရှိနားလည်လိုက်နာရေးဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မှော်ဘီမြို့နယ်၌ လူထုလမ်းလျှောက်ပွဲ ကျင်းပ

မှော်ဘီ ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ဒီဇင်ဘာအားကစားလ (ပဉ္စမပတ်) လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပခဲ့သည်။

လမ်းလျှောက်ပွဲတွင် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၃၈၀ ကျော်ခန့်က စုရပ်အဖြစ်သတ်မှတ်ထားသော မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်ကာ ရွှေလှေကြီးတာဆုံသို့ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ပြီး မှော်ဘီမြို့နယ် အားကစားကွင်းအတွင်း၌ အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့လွင်က ဦးဆောင်၍ Physical Fitness Dance Exercises များကို စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

ဝင်းဇော်(မှော်ဘီ)

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ဘားအံ ဒီဇင်ဘာ ၂၀

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က ဘားအံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် ဥပဒေချုပ်ဦးရဲလွင်က အမှာစကားပြောကြားသည်။

ထို့နောက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ ပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကျရာခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်ခဲ့ကြကာ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်နှင့် တာဝန်ရှိသူများက (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။




စောမျိုးမင်းသိန်း(ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ ဒီဇင်ဘာလ(နောက်ဆုံးပတ်)လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဒီဇင်ဘာလ(နောက်ဆုံးပတ်) လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီမှစတင်၍ အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းအတွင်း စုရပ်ပြုလုပ်၍ မင်းကြီးလမ်း (ဗဟိုလမ်း)မှတစ်ဆင့် အောက်မင်္ဂလာဒုံလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲကြသည်။

အဆိုပါ လမ်းလျှောက်ပွဲတွင် အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၅၀၀ ကျော်ဖြင့် စုပေါင်းလမ်းလျှောက်ခြင်း၊ အကြောလျှော့လေ့ကျင့်ခန်းနှင့် သွေးပူလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကာ လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သာကေတမြို့နယ်၌ လူထုလမ်းလျှောက်ပွဲ ကျင်းပ

သာကေတ ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ ပဉ္စမအပတ် လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပသည်။

## စုပေါင်းဆောင်ရွက်

ထိုသို့ လူထုလမ်းလျှောက်ပွဲကျင်းပရာတွင် ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်း ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့စုရပ်မှစပြီး မြင်တော်သာလမ်းမတစ်လျှောက် စုပေါင်းလမ်းလျှောက်ကြကာ မြကန်သာပန်းခြံအရှေ့တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက ကာယလေ့ကျင့်ခန်း အတွဲ(၁)၊ အတွဲ(၂)နှင့် Fitness Dance ကိုယ်လက်လှုပ်ရှား သွေးပူလေ့ကျင့်ခန်းတို့ကို သရုပ်ပြသခဲ့ရာ ပြည်သူများက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်မြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ပြည် ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းဒေသကြီးပညာရေးမှူးရုံး(ရုံးခွဲ)က ကြီးမှူးကျင်းပသော (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



## ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဦးစွာ တိုင်းဒေသကြီး(ရုံးခွဲ) ပညာရေးမှူး ဦးတင်ယုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းဝင်းက ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး "လွတ်လပ်ခြင်း၏ အနှစ်သာရ၊ လွတ်လပ်ရေးနှင့်စည်းကမ်း၊ မမေ့အပ်သော မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုများ၊ ကမ္ဘာတည်သရွေ့ မြန်မာ့လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရမည်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် လူငယ်စွမ်းရည်၊ လွတ်လပ်ရေးအောင်ပွဲဒို့ဆင်နွှဲ" ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

## ပေးအပ်ချီးမြှင့်မည်

ထိုသို့ ယှဉ်ပြိုင်ကြရာတွင် မသက်နှင်းဇော်က ပထမ၊ မယွန်းနဒီလှိုင်က ဒုတိယ၊ မခိုင်ဆွေဇင်သွယ်က တတိယရရှိခဲ့ကြပြီး ဆုရရှိသူများကို လာမည့်ဇန်နဝါရီလအတွင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

ကိုစိုး(ပြည်)

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) မောင်မယ်သစ်လွင်များကို ကြိုဆိုနှုတ်ဆက်



နေပြည်တော်　ဒီဇင်ဘာ　၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းကကျင်းပသော သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်၍ တက္ကသိုလ်၏မျှော်မှန်းချက်ဖြစ်သော နိုင်ငံ့စီးပွားမြင့်မားရေးအတွက် ကုန်သွယ်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများတွင် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေး ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ကျောင်းအုပ်ဆရာမကြီး ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ် ဝင်ခွင့်ရရှိသူများအနက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပါမောက္ခချုပ်က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယပါမောက္ခချုပ် ဦးဝင်းနိုင်ထွန်းက လွတ်လပ်ရေးနေ့အကြို ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မဟာတန်းတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသူတစ်ဦးက မောင်မယ်သစ်လွင်များကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ မောင်မယ်သစ်လွင်များ ကိုယ်စား ပထမနှစ်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ကျောင်းသား ကျောင်းသူများက သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်ဆရာ ဆရာမများနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် Green House စနစ်ဖြင့် ခရမ်းချဉ်၊ ဆလတ်၊ ငရုတ် စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်မည့် နေရာကိုလည်းကောင်း၊ တက္ကသိုလ်ဓမ္မာရုံ ပြုပြင်တည်ဆောက်မည့်နေရာကို လည်းကောင်း၊ တက္ကသိုလ်ဘောလုံးကွင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် စစ်ကိုင်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တစ်ဦးချင်းအခက်အခဲများကို မေးမြန်း၍ မိမိတို့ဝန်ထမ်းဘဝ မြင့်မားတိုးတက်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေကြိုးစားကြရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ပေးခဲ့သော အခြေခံစက်ချုပ်သင်တန်း အောင်မြင်ပြီးသည့် ကန်ကြီးထောင့်ကျေးရွာနှင့် ဆင်တပ်ကျေးရွာတို့မှ သင်တန်းသူများနှင့် တွေ့ဆုံကာ သင်ယူတတ်မြောက်ထားသောပညာရပ်များဖြင့် ဝင်ငွေတိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စုပေါင်းလုပ်ဆောင်ကြရန် မှာကြားကာ ကျေးရွာသူကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

ရန်ကုန်　ဒီဇင်ဘာ　၃၀

ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများအလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထန်းတပင်မြို့နယ် ရပ်/ကျေး ၃၀ မှ ပြည်သူ ၄၉၆ ဦး၊ သဃ်န်းကျွန်းမြို့နယ် ရပ်ကွက် ၂၀ မှ ပြည်သူ ၄၆၆ ဦး၊ လှိုင်မြို့နယ် ရပ်ကွက်ရှစ်ခုမှ ပြည်သူ ၄၃၀၊ ဗဟန်းမြို့နယ် ရပ်ကွက် ၁၁ ခုမှ ပြည်သူ ၄၈၅ ဦး စုစုပေါင်းပြည်သူ ၁၈၇၇ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ် မဲပေးလေ့လာခဲ့ကြသည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဇန်နဝါရီ ၁ ရက်တွင် ထန်းတပင်မြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ လှိုင်မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့ရင်ပြင် နှစ်သစ်ကူးပွဲတော်သို့ လာရောက်ဆင်နွှဲကြမည့်ပြည်သူများ အပြန်ခရီးအဆင်ပြေစေရန် ဝိုင်ဘီအက်စ်ယာဉ်များ ပြေးဆွဲပေးမည်

ရန်ကုန်　ဒီဇင်ဘာ　၃၀

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဒီဇင်ဘာ ၃၁ ရက်တွင်ကျင်းပမည့် နှစ်သစ်ကူးပွဲတော် (New Year Festival)သို့ လာရောက်ဆင်နွှဲကြမည့်ပြည်သူများအပြန်ခရီးအဆင်ပြေစေရန် ဝိုင်ဘီအက်စ်ယာဉ်လိုင်းများ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)ရုံးချုပ်၌ ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

"ပြည်သူ့ရင်ပြင်မှာ နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီကနေ နောက်တစ်ရက် နံနက် ၁၂ နာရီခွဲလောက်ထိ ကျင်းပသွားဖို့ရှိပြီး စတိတ်ရှိုးဖျော်ဖြေရေး အစီအစဉ်တွေရှိမယ်။ Count Down လုပ်ပြီး မီးရှူးမီးပန်းတွေဖောက်ပြီး နှစ်သစ်ကို ကြိုဆိုကြမှာဖြစ်ပါတယ်။ အဲဒီပွဲတော်ကို လာရောက်ဆင်နွှဲကြမယ့် ပြည်သူတွေ အပြန်ခရီးအဆင်ပြေဖို့အတွက် ဝိုင်ဘီအက်စ်လိုင်းတွေကို နံနက် ၁၂ နာရီခွဲ၊ ၁ နာရီလောက်မှာ ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်"ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

ထိုသို့ ပြေးဆွဲပေးရာတွင် YBS(၂၁) ယာဉ်လိုင်းက ပြည်သူ့ရင်ပြင်-အင်းစိန်-ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (ထန်းတပင်) လမ်းကြောင်း၊ YBS(၆၁)ယာဉ်လိုင်းက ပြည်သူ့ရင်ပြင်-ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ) လမ်းကြောင်း၊ YBS(၃၇)ယာဉ်လိုင်းက ပြည်သူ့ရင်ပြင်-ပြည်လမ်း-(၈)မိုင်-ထောက်ကြန့်-မင်္ဂလာဒုံ လမ်းကြောင်း၊ YBS(၁၁၅)ယာဉ်လိုင်းက ပြည်သူ့ရင်ပြင်-ဆူးလေ-ပြည်-ပြည်သူ့ရင်ပြင်-မြောက်ဥက္ကလာ-ထောက်ကြန့်-မင်္ဂလာဒုံ လမ်းကြောင်း၊ YBS(၆၂)ယာဉ်လိုင်းက ပြည်သူ့ရင်ပြင်-မြေနီကုန်း-လေးထောင့်ကန်လမ်း-စံပြဈေး-ဒဂုံတက္ကသိုလ်၊ YBS(၇)ယာဉ်လိုင်းက ပြည်သူ့ရင်ပြင်-တာမွေ-အမှတ်(၂)လမ်း (တောင်ဒဂုံ) လမ်းကြောင်း၊ YBS(၈)ယာဉ်လိုင်းက ပြည်သူ့ရင်ပြင်-သာကေတ-ယုဇနဥယျာဉ်မြို့တော်(ဒဂုံဆိပ်ကမ်း)လမ်းကြောင်း အတိုင်းပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ အလားတူ ဇန်နဝါရီ ၄ ရက်တွင် ပြည်သူ့ရင်ပြင်၌ကျင်းပမည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲသို့ လာရောက်ကြမည့်ပြည်သူများ အပြန်ခရီးအဆင်ပြေစေရန် အဆိုပါယာဉ်လိုင်းများကို ဆက်လက်ပြေးဆွဲပေးမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့်မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

လင်းရာမ

❖ **လူတန်တောင်းအသင်းမှ**

လူတန်တောင်းအသင်းဟာ ပရီမီယာလိဂ်ရဲ့ ထိပ်တန်းအသင်းတွေဖြစ်တဲ့ မန်စီးတီးအသင်း၊ စပါးအသင်း၊ အာဆင်နယ်အသင်းနဲ့ လီဗာပူးအသင်းတို့ကိုလည်း အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့တဲ့ အသင်းဖြစ်ပြီး အခု ချယ်လ်ဆီးအသင်းနဲ့ ပွဲစဉ်မှာ နောက်ပိုင်းမိနစ်အတွင်း ချေပဂိုးတွေ ဆက်တိုက်ဆိုသလို သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လူတန်တောင်းအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ်(၂၀) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၈ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၁၀ နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီး လူတန်တောင်းအသင်းကတော့ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့လို့ ရမှတ် ၁၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၈ နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ငွေကြယ်

# လှည်းကူးမြို့နယ်၌ အစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးပြသ

ရန်ကုန်　ဒီဇင်ဘာ　၃၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ယနေ့နံနက်ပိုင်းက အစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးပြသပေးခြင်းကို ညောင်ကုန်းကျေးရွာရှိ တောင်သူ ဦးသန့်ဇင်လင်း၏ နွေစပါးစိုက်ကွက်တွင် ကျင်းပသည်။

အစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးပြသပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အစေ့ချကိရိယာအသုံးပြုစိုက်ပျိုးနိုင်ရေးနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းအောင်က အစေ့ချကိရိယာနှင့် ပန်းတိုင်အထွက်ရရှိအောင် စိုက်ပျိုးမည့်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက်လုပ်ငန်းများကို တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား အစေ့ချကိရိယာဖြင့် နွေစပါးကို လက်တွေ့စိုက်ပျိုးပြသပေးခဲ့ကြသည်။ လှည်းကူးမြို့နယ်အတွင်း နွေစပါး လျာထားစိုက်ကေ ၃၅၁၇၀ ရှိပြီး အစေ့ချကိရိယာစနစ်ဖြင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**




## လှည်းကူးမြို့နယ်၌ ဒီဇင်ဘာအားကစားလ (နောက်ဆုံးပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**လှည်းကူး ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာအားကစားလ (နောက်ဆုံးပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ကျင်းပခဲ့သည်။

အဆိုပါ လမ်းလျှောက်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူတို့က စုရပ်အဖြစ် သတ်မှတ်ထားသည့် လှည်းကူးမြို့မဈေးရှေ့မှစတင်၍ အုန်းနဲ့ကုန်းကျေးရွာအုပ်စု ဒရယ်ဖိုကျေးရွာအထိ စုပေါင်းလမ်းလျှောက်ဆင်နွှဲခဲ့ကြပြီး မြို့နယ်အားကစားကွင်း၌ ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကိုလည်း စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**

## မန္တလေးမြို့၌ နှစ်သစ်ကူးအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပမည်


မန္တလေးမြို့တွင် ယခင်နှစ် နှစ်သစ်ကူးပွဲ ကျင်းပသည့် မြင်ကွင်းအား တွေ့ရစဉ် ။

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့တွင် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူး အထိမ်းအမှတ်ပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီမှ စတင်၍ ၂၆ လမ်းနှင့် ၆၆ လမ်း (ကျုံးထောင့်)တွင် နိုင်ငံကျော် သရုပ်ဆောင်များ၊ အဆိုတော်များ၏ ဖျော်ဖြေမှုများနှင့်အတူ ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၃၁ ရက်ည နှစ်သစ်ကူးပွဲအတွက် ၂၆ လမ်းနဲ့ ၆၆ လမ်းထောင့်မှာ ဖျော်ဖြေရေး စင်မြင့်ထားရှိမှာပါ။ Countdown ရေတွက်တာ ပြသဖို့ LED Board စီစဉ်ထားပါတယ်။ ဒီနှစ်နှစ်သစ်ကူး အထိမ်းအမှတ်မှာ ပျော်ပွဲရွှင်ပွဲ အနေနဲ့ နိုင်ငံကျော်သရုပ်ဆောင်နဲ့ အဆိုတော်တွေက သီဆိုဖျော်ဖြေမယ်။ နှစ်သစ်ကူးချိန်ည ၁၂ နာရီမှာ Countdown ရေတွက်ပြီး မီးရှူးမီးပန်းတွေ လွှတ်ပါမယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

### ပါဝင်ဖျော်ဖြေကြမည်

နှစ်သစ်ကူး အထိမ်းအမှတ်ပွဲတွင် ပါဝင်သီဆိုဖျော်ဖြေကြမည့် နိုင်ငံကျော် သရုပ်ဆောင်နှင့် အဆိုတော်များမှာ ဂျက်မြသောင်း၊ ထူးအယ်လင်း၊ မယ်လိုဒီ၊ သားစိုး၊ မင်းထက်ကျော်ဇင်၊ ဆူဇီ၊ မီးနို၊ ကေကေမိုး၊ ဂေးဂေး၊ ထွန်းရတီ၊ ဇော်ကို၊ ဇာနည်အောင်တို့နှင့် တွဲဖက်ကာ မန်းစည်ပင်ခေတ်ပေါ်တေးဂီတ၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းတော်ကြီးတို့အပြင် DJ တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။


"ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီကတည်းက လမ်းပိတ်လမ်းလွှဲတွေ လုပ်ပါမယ်။ ကား/ဆိုင်ကယ်တွေ အပ်နှံဖို့နေရာတွေ စီစဉ်ထားမှာဖြစ်ပြီး စားသောက်ဆိုင်ခန်း ၂၀ လောက်ရှိပါမယ်။ လုံခြုံရေးအရ သေချာစနစ်တကျ စိစစ်ပြီး ဝင်ခွင့်ပေးမှာပါ။ နှစ်သစ်ကူးပွဲတော်ကို မန္တလေးပြည်သူများနဲ့ အခြားဒေသကပြည်သူတွေ လာရောက် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ယခင်နှစ် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးပွဲကို မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းတွင် ကျင်းပခဲ့ပြီး ယခု နှစ်သစ်ကူးပွဲကို သွားလာရေး လွယ်ကူစေရန်အတွက် ၂၆ လမ်းနှင့် ၆၆ လမ်း (ကျုံးထောင့်)တွင် ကျင်းပမည်ဖြစ်ရာ ပြည်သူများ အနေဖြင့် လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## အိန္ဒိယနိုင်ငံ၏ ပို့ကုန်အဓိကထားပြပွဲ PLEXCONNECT 2024 သို့ မြန်မာလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်

**ရန်ကုန် ဒီဇင်ဘာ ၃၀**




ပြသသူပေါင်း ၅၀၀ ကျော် ပါဝင်၍ ကွန်ရက်ချိတ်ဆက်မှုနှင့် လုပ်ငန်း အခွင့်အလမ်းများ ရရှိနိုင်သည့် အိန္ဒိယနိုင်ငံ၏ တစ်ခုတည်းသော ပို့ကုန်အဓိကထားသည့် ပြပွဲ PLEXCONNECT 2024 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ တက်ရောက်ရန် ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (UMFCCI) မှ သိရသည်။

ပလတ်စတစ်ပို့ကုန်မြှင့်တင်ရေးကောင်စီ (PLEXCONCIL) က ကူးသန်းရောင်းဝယ်ရေးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ အိန္ဒိယအစိုးရနှင့်ပူးပေါင်း၍ PLEXCONNECT 2024 ကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင် ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲမှာ အိန္ဒိယနိုင်ငံ၏ တစ်ခုတည်းသော ပို့ကုန်အဓိကထားသည့် ပြပွဲဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဝယ်ယူသူ အဝယ်တော် ၉၀၀ ကျော် ပါဝင်တက်ရောက်ပြီး Trade Visitor ပေါင်း ၂၅၀၀၀ ကျော်၊ ပါဝင်ပြသသူပေါင်း ၅၀၀ ကျော် အတွက် ကွန်ရက်ချိတ်ဆက်မှုနှင့် လုပ်ငန်းအခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း UMFCCI မှ သိရသည်။

မြန်မာနိုင်ငံမှ အရည်အသွေးပြည့်မီသော ပလတ်စတစ်ဝယ်ယူသူများအား PLEXCONNECT 2024 တွင် စီစဉ်ထားသော RBSM သို့ ဖိတ်ခေါ်လိုသည့်အပြင် ဝယ်ယူသူများကို MAI အစီအစဉ်အရ ဖိတ်ခေါ်မည်ဖြစ်ပြီး အစီအစဉ်၏တည်ဆဲစံနှုန်းများအတိုင်း ရွေးချယ်ခံရသော အဝယ်တော်များအား လေယာဉ်ခ၊ ဟိုတယ် (နှစ်ည) နှင့် ground hospitality ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"PLEXCONNECT 2024" သို့ ပါဝင်ပြသရန်စိတ်ပါဝင်စားသည့် UMFCCI ညီနောင်အသင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များကို Website: www.plexconcil.org/plexconnect/ နှင့် https://www.plexconcil.org/ plexconnect/buyer–details သို့ တိုက်ရိုက်ဝင်ရောက် ကြည့်ရှုနိုင်မည်ဖြစ်ပြီး Mr. Ruban Hobday, Regional Director, Email: ruban.hobday@plexconcil.org သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းစုံစမ်း၍ Registration ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**MT**

## ဈေးကွက်ဝယ်လိုအားရရှိထားသော မြန်မာ့ထောပတ်သီး ပို့ဆောင်မှုစရိတ် သက်သာသောနည်းလမ်းဖြင့် ထုတ်ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းနေ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

အရည်အသွေးကောင်းမွန်သော ထောပတ်သီးများကို စိုက်ပျိုးထုတ်လုပ်၍ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ အိန္ဒိယနိုင်ငံ ထောပတ်သီးကုမ္ပဏီတစ်ခုမှ မြန်မာ့ထောပတ်သီးကိုဝယ်ယူရန် ကမ်းလှမ်းထားပြီး ဈေးကွက်ဖွံ့ဖြိုးမှုတွင် သယ်ယူပို့ဆောင်စရိတ်သက်သာစေမည့် ရေလမ်းခရီးမှ တင်ပို့နိုင်မှုဖြင့် ထုတ်ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ ကြိုးပမ်းလျက်ရှိသည်။



အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံမှု (၇၅)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို အိန္ဒိယနိုင်ငံ မြန်မာသံရုံး၌ ဒီဇင်ဘာ ၂၂/၂၃ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲမျိုးစုံနှင့်ထောပတ်သီးတို့ကို ထိုနေ့တွင် မိတ်ဆက်ပြသခဲ့ပြီး အရည်အသွေးကောင်းမွန်သော ဟပ်စ်(Hass) အမျိုးအစား ထောပတ်သီးကို နှစ်ခြိုက်ကြ၍ ဈေးကွက်ကမ်းလှမ်းခဲ့သည်။ ပို့ကုန်ကဏ္ဍတွင် လေကြောင်းထက် သယ်ယူပို့ဆောင်မှုစရိတ်သက်သာစေသည့် ရေလမ်းကြောင်းမှ ပို့ဆောင်မှုနှင့်အတူ တောင်ကြီးတွင် အအေးခန်းစက်ရုံများ တည်ဆောက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးနှင့် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

တရုတ်နိုင်ငံသို့ ဖရဲ၊ သခွား၊ သရက်သီးကဲ့သို့ တရားဝင်ပို့ကုန်အဖြစ် ထောပတ်သီးကိုလည်း G to G ပူးပေါင်းဆောင်ရွက်မှုဖြင့် တင်ပို့နိုင်ရန် နှစ်နိုင်ငံအကျိုးအတွက် ကြိုးပမ်းလျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားမှ ထောပတ်သီးကိုင်းဆက်မျိုးခြောက်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ မြန်မာ့ရေမြေနှင့် ကိုက်ညီ၍ အောင်မြင်မှုရရှိခဲ့သည်။ ဟပ်စ်ထောပတ်သီးကို ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘာရိန်းနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး မြန်မာ့ထောပတ်သီး အရည်အသွေးကိုနှစ်ခြိုက်၍ စိတ်ဝင်စားလျက်ရှိသည်။


ထောပတ်သီးကို ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး(နာဂဒေသ)တို့၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်းမှ အများဆုံးပြည်ပသို့ တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဒေသထွက်ထောပတ်သီး တန်ချိန် ၄၀၀၀ မှ ၅၀၀၀ အထိ ထွက်ရှိလျက်ရှိကာ ပြည်ပဈေးကွက်ဝင်ကိုင်းဆက်ထောပတ်သီး တန်ချိန် ၁၅၀၀ မှ ၂၅၀၀ အထိ ထွက်ရှိလျက်ရှိသည်။

ကမ္ဘာ့ဈေးကွက်တွင် ထောပတ်သီး တစ်ကီလိုလျှင် ကန်ဒေါ်လာငါးဒေါ်လာအထိ အမြင့်ဆုံးရရှိပြီး မြန်မာ့ထောပတ်သီးကို ပြည်ပသို့ လေကြောင်းဖြင့် ပို့ဆောင်စရိတ်မှာ တစ်ကီလိုလျှင် သုံးဒေါ်လာရှိသည့်အတွက် ရေကြောင်းဖြင့် ပို့ဆောင်နိုင်ပါက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဈေးကွက်သစ်များပွင့်လန်းလာလျက်ရှိသည့် မြန်မာ့ထောပတ်သီးအား သယ်ယူပို့ဆောင်စရိတ် သက်သာစေခြင်း၊ တရားဝင်ပို့ဆောင်ခွင့်ရရှိခြင်းနှင့် ဈေးကွက်ခိုင်မာခြင်းတို့ဖြင့် နိုင်ငံတော်အတွက် အခွန်ငွေရရှိစေမည့်အပြင် စိုက်ပျိုးတောင်သူတို့အနေဖြင့် တိုးမြှင့်စိုက်ပျိုးထုတ်လုပ်မှုမှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်သည်။ တစ်ချိန်တွင် မြန်မာ့ထောပတ်သီးသည် နိုင်ငံ၏ထုတ်ကုန်ဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံကဲ့သို့ ပို့ကုန်ပစ္စည်းအမယ်တစ်ခုအဖြစ် ထောပတ်သီးတစ်ခေတ်ဆန်းသစ်စေမည့် လင်းရောင်ခြည်များ ယှက်သန်းလျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဆေးစက်ကျရာ ဒဿနစာစုများ

စာရေးသူ ဇော်ဦးငြိမ်းရေးသားသည့် ဆေးစက်ကျရာ ဒဿနစာစုများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူသားတို့၏လုပ်ရပ်များသည် လူသားတို့၏ အတွေးအခေါ် အကြံအစည်များမှသာ စတင်ပေါက်ဖွားလာကြသည်သာဖြစ်သည့်အတွက် ရှင်မဟာရဋ္ဌသာရမထေရ်၏စကားအတိုင်း ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေရန် မှန်ကန်သောအတွေးအခေါ်ဒဿနကို ကနဦးတည်ဆောင်နိုင်ရေးမှာ လူသားတို့အတွက် အရေးကြီးလှသည်။

ဗုဒ္ဓမြတ်စွာကလည်း ပဋိသင်္ခါနဗလဟု ဆိုအပ်သော ဆင်ခြင်မှုစွမ်းအားဖြင့် အကုသိုလ်တရားအများစုကို ဖယ်ရှားနိုင်ကြောင်း၊ မိမိ၏ဆင်ခြင်မှုစွမ်းအားကို အသုံးပြု၍ မိမိသန္တာန်တွင် အကုသိုလ်တရားများကိုပယ်ရှားနိုင်ရန်၊ ကုသိုလ်တရားများကို ပွားများနိုင်ရန်၊ စိတ်ကိုဖြူစင်စွာထားနိုင်ရန်လိုအပ်ကြောင်း မိန့်မှာဆုံးမခဲ့သည်။ ခေတ်ပေါ်ဒဿနအနေဖြင့်လည်း အတွေးအခေါ်(THINKING)မှသည် ယုံကြည်ချက်(BELIEF)၊ ယုံကြည်ချက်မှတစ်ဆင့် အပြုအမူ(BEHAVIOR)၊ အပြုအမူမှတစ်ဆင့် အလေ့အထ(HABIT)၊ အလေ့အထမှတစ်ဆင့် အကျိုးသက်ရောက်မှု(CONSEQUENCE)တို့ အဆင့်ဆင့် ပေါ်ပေါက်လာသည်ဖြစ်၍ အကျိုးသက်ရောက်မှုကောင်းကိုရလိုလျှင် အတွေးအခေါ်ကောင်းမှသာ စတင်ရမည်ဖြစ်ကြောင်း ပုံစံပြုမော်ဒယ်လ်အမျိုးမျိုးဖြင့် သီအိုရီများထုတ်ထားကြသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် (၂၉၆)၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။





## မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)နှင့် ကျွန်တော်

စာရေးသူ မောင်ငွေအိုးရေးသားသည့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)နှင့်ကျွန်တော်စာအုပ်ထွက်ရှိလာသည်။

(MANA) အသင်း၏ အဓိကရည်ရွယ်ချက်မှာ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် အန္တရာယ်လျှော့ချရေးဖြစ်သည့်အလျောက် အသင်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ အကျိုးတူ၊ ရည်ရွယ်ချက်တူသူများကို ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် စီမံချက်လုပ်ငန်း(Project) များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရိပ်မွန်(DIC)များဖွင့်လှစ်ခြင်း၊ UNOPs, UNFPA,UNICEF စသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာပေးသင်တန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စာရေးသူအနေဖြင့် ပြည်တွင်း၊ ပြည်ပအတွေ့အကြုံများကို ဆောင်းပါးအဖြစ် တံလျှပ် သုတရသဂျာနယ်တွင် ရေးသားဖော်ပြခဲ့ပြီး ထိုသို့ရေးသားခဲ့သောဆောင်းပါးများကို တစုတစည်းတည်းလေ့လာနိုင်စေရန်အတွက် စာအုပ်အဖြစ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ထိုစာအုပ်ပါ ဆောင်းပါးများကိုဖတ်ရှုလေ့လာခြင်းအားဖြင့် မြန်မာနိုင်ငံ မူယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် စာရေးသူ၏ မွန်မြတ်သော လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိကာ ပူးပေါင်းဆောင်ရွက်ကြမည်ဟု ယုံကြည်မျှော်လင့်လျက်ရှိသည်။

စာအုပ်ကို အောင်မျိုးစာပေ၊ တိုက်(၅)၊ အမှတ် (၅၀၆)၊ မြနန္ဒာအိမ်ရာ၊ အုတ်ကျင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ သတ်မှတ်ထားသည်။





## အလင်္ကာလေညင်း သုတ ရသ မဂ္ဂဇင်း

၂၀၂၄ ခုနှစ် ဇန်နဝါရီလထုတ် အလင်္ကာလေညင်း သုတ ရသ မဂ္ဂဇင်း အမှတ် ၂ ထွက်ရှိလာသည်။

အဆိုပါ မဂ္ဂဇင်းတွင် စာရေးသူ မောင်သင်းထုံ(ကျောက်မဲ) ရေးသားသည့် စိတ်ကိုပင် စေစားစေနိုင်သော သစ်သားရုပ်ကလေးများရဲ့ မှော်အတတ် ခေါင်းစဉ်ဖြင့် ရုပ်သေးသဘင်ပညာသည်တို့သည် မူအားဖြင့် ဇာတ်သဘင်ပညာသည်များထက် ပညာရည်ပြည့်ဝကြသည်။ ဇာတ်သဘင်ပညာသည်များက မိမိ၏ရုပ်ရည်ရူပကာ၊ အက၊ ဟန်အမူအရာများဖြင့် ပရိသတ်ကိုဆွဲဆောင်နိုင်သည်။ သို့သော် ရုပ်သေးလောကတွင်ကား ထိုသို့မဟုတ် သစ်သားရုပ်များဖြစ်၍ ထိုအရုပ်ကလေးကိုပင် လူစင်စစ်ကဲသို့ ထင်မြင်ယူဆလာစေရန် ကပြကြရသည်ဖြစ်သည့်အတွက် ရုပ်သေးပညာရှင်များသည် ဇာတ်သဘင်ပညာရှင်များထက် သဘင်ပညာရည် ပိုမိုပြည့်ဝကြသည်။ မြန်မာ့ရုပ်သေးက အရုပ် ၃၀ကျော်ဖြင့် ပွဲကြည့်ပရိသတ်ကို ဆွဲဆောင်ကပြနိုင်သည်။ မြန်မာ့ရုပ်သေးပွဲတွင် အပျိုတော်ကစထွက်သည့်ရုပ်သေးပွဲသည် တဖြည်းဖြည်းဖြင့် ပရိသတ်ကိုဆွဲမှန်းမသိ ဆွဲခေါ်လာလိုက်သည်မှာ ပွဲကြည့်သူများ၏ရင်ထဲတွင် အရုပ်ကလေးများကနေသည်ဆိုသည့်စိတ်အမြင်မှာ ပျောက်ကွယ်သွားပြီး တကယ့်လူများ ကနေသည်ဟုပင်ထင်မိကြသည်။

ထို့အပြင် ကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ ဝတ္ထု၊ ရသစာတမ်းနှင့် ဘာသာပြန်ဝတ္ထုတို့ကိုပါ စုံလင်စွာ ဖတ်ရှုလေ့လာနိုင်သည့် မဂ္ဂဇင်းတစ်အုပ် ဖြစ်သည်။

စာအုပ်ကို ဂျမ်း ဖုန်း-၀၉ ၂၅၄၅၃၈၃၂၃၊ လမင်းအိမ် ဖုန်း-၀၉၂၅၃၅၈၇၈၅၈၊ ဝင်း စက်ပစ္စည်းဆိုင်၊ ဘုရားကြီးဈေး၊ သန်လျင်မြို့။ ဖုန်း-၀၉ ၄၄၅၃၄၀၆၇၀တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။




## ငါလုပ်နိုင်တယ်

စာရေးသူ အကြီးကိုကို (ကသာ) ရေးသားသည့် ငါလုပ်နိုင်တယ် စာအုပ် ထွက်ရှိလာသည်။

အမြင့်ကို မရောက်ရောက်အောင် ကြိုးစားလိုသူများအတွက် စာရေးသူ၏ ဘဝဖြတ်သန်းမှုအတွေ့အကြုံ လေ့လာမှတ်သားသည့် နယ်ပယ်၊ အရှေ့တိုင်းနှင့် အနောက်တိုင်းတို့မှ အတွေးအခေါ်များကို ကိုးကား၍ တင်ပြထားသည်။ လောကကြီးသည် မိမိကြိုးစားလျှင် ကြိုးစားသလောက်ရနိုင်သည့် အခွင့်အရေးများ ပေးထားပြီးဖြစ်သည်။ မဖြစ်ဖြစ်အောင်ကြိုးစားဖို့က မိမိ၏တာဝန်သာဖြစ်သည်။ အောင်မြင်မှုဆိုသည့်အရာသည် မိမိတို့ဆီကိုလာရန် အကြောင်းမရှိ။ အောင်မြင်မှုရလိုသူများကသာ အောင်မြင်မှုဆီကို သွားရမည်ဖြစ်သည်။ အောင်မြင်မှုဆီသွားရန် ခြေလှမ်းများကိုလည်း ယခုပင် စတင်ရန်လိုသည်။ အောင်မြင်ချင်လျှင် ဆင်ခြေမပေးဘဲ ချက်ချင်းစတင်လုပ်ကိုင်ရန်သာလိုသည်။ ဆင်ရဲမှုကိုမလိုလားလျှင် မိမိ၏စိတ်သန္တာန်တွင် ကပ်ငြိနေသည့်ပျင်းရိခြင်းကို ဖယ်ရှားဖို့လိုကြောင်း ထိုစာအုပ်တွင် ရေးသားထားသည်။

ပျင်းရိသူ၊ တွေဝေနေသူများအတွက် အောင်မြင်မှုက နေရာမပေး။ အဆုတ်မနစ်ကြိုးစားနေသူများကိုသာ နေရာပေးလေ့ရှိသည်။ ပျင်းရိခြင်းသည် အောင်မြင်မှု၏ အကြီးမားဆုံးရန်သူဖြစ်သည်။ ပျင်းရိသောသူတို့သည် ဆင်းရဲမှုနှင့် ရာသက်ပန် ပေါင်းဖော်ရတတ်သည်။

စာအုပ်ကို အကြီးကိုကိုစာပေ၊ အမှတ်(၂၅၇)၊ အေးစေတီရပ်၊ မြစ်ကြီးနားမြို့။ ဖုန်း-၀၉ ၂၄၀၁၆၃၉နှင့် ၀၉ ၇၈၀၆၈၅၇၈၉တို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ဖြင့် ဖြန့်ချိသည်။




## သံချိတ် အနက်ရှိုင်းဆုံးသောနေရာနှင့် အခြားဝတ္ထုတိုများ

စာရေးသူ ရဲကျော်ရေးသားသည့် သံချိတ် အနက်ရှိုင်းဆုံးသောနေရာနှင့် အခြားဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

ရွာလယ်လမ်းလေးအတိုင်းလျှောက်လာခဲ့သည်။ နှင်းနုတို့နေတာက ရွာမြောက်ပိုင်းမှာ၊ အခုလည်း အဲဒီအိမ်မှာပဲ ရှိနေမလား၊ ဘာပဲဖြစ်ဖြစ် ဒီအထိတောင်အရောက်လာခဲ့ပြီးကာမှ သွားဖြစ်အောင် သွားတွေ့ရမည်ဟု သူ့စိတ်ကိုပိုင်းဖြတ်လိုက်သည်။ ရွာမြောက်ပိုင်းသို့မရောက်မီ ကုက္ကိုပင်အုပ်အုပ်ကြီးတွေအောက်မှာ အရင်တုန်းက ဘုန်းတော်ကြီးကျောင်းလေးတစ်ကျောင်းရှိတာ အမှတ်ရမိသည်။ အခုတော့ အဲဒီနေရာလေးမှာ ဘုန်းတော်ကြီးကျောင်းလေးအပြင် ထုံးဖြူဖြူ စေတီလေးတစ်ဆူနှင့် ယောဂီများတရားအားထုတ်ရာ ကျောင်းဆောင်လေးတွေ တိုးလာတာတွေ့ရသည်။ လမ်းဘေးမလှမ်းမကမ်းမှာ သီလရှင်ကျောင်းလေးတစ်ကျောင်းကိုလည်း တွေ့ရသည်။ သူလှမ်းကြည့်လိုက်မိသည်။ ကျောင်းရှေ့မှာသီလရှင်တစ်ပါး တံမြက်စည်းလှည်းနေသည့်မြင်ကွင်း၊ ရပ်၍ကြည့်နေမိခဲ့သည်။ သူ ဘယ်သောအခါမျှ မေ့ပျောက်နိုင်စွမ်းရှိမည်မဟုတ်သောလူတစ်ယောက်လည်းဖြစ်၏။ "နှင်းနု" သူ စိတ်ထဲက တီးတိုးရေရွတ်လိုက်မိသည်။ ပူပြင်းသောနေရောင်အောက် အစွမ်းကုန် နီရဲစွာဖူးပွင့်နေသည့် လက်ပံပင်တန်းအောက် ချိုင်းထောက်ကိုအားပြုကာ လျှောက်လှမ်းနေသည့် သူ့ခြေလှမ်းတွေက ပေါ့ပါး၍နေသလို သူ့စိတ်များသည်လည်း အေးချမ်း၍နေလေသည်။

စာအုပ်ကို မိုးကျော်စာပေ ဖုန်း-၀၉ ၂၅၀၀၂၂၃၀နှင့် အောင်ကျူး ဖုန်း-၀၉ ၅၁၇၆၉၃၆တို့မှ တန်ဖိုးငွေကျပ် ၆၅၀၀ဖြင့် ဖြန့်ချိသည်။

## ဇလွန်မြို့နယ် ခြံကြီးရွာသစ်ရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဇလွန် ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများရရှိစေရန်ရည်ရွယ်၍ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၈ ရက်ကတာဝန်ရှိသူများက ပကွဲကျေးရွာအုပ်စု ခြံကြီးရွာသစ်ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်၊ အင်ဂျင်နီယာဝန်ထမ်းများနှင့် တာဝန်ရှိသူများသည် ကျေးလက်ရေရရှိရေးအတွက် ခြံကြီးရွာသစ်ကျေးရွာတွင် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ခြံကြီးရွာသစ်ကျေးရွာတွင် အဆိုပါရေရရှိရေးလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းကာ ယခုနှစ်မေလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

 JJJ

# (၆) ကြိမ်မြောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညီလာခံ (6th MFF Congress 2023) ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ (၆) ကြိမ်မြောက် ညီလာခံ (6th MFF Congress 2023) ကို ယနေ့ နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

ညီလာခံတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Shaikh Salman Bin Ebrahin1 Al Khalifa တို့က အမှာစကားပြောကြားပြီး အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။




ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ၂၀၂၃ ခုနှစ်အတွက် ရငွေ/သုံးငွေ စာရင်းများနှင့် ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ၂၀၂၃ ခုနှစ် ငွေစာရင်းရှင်းလင်းချက်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ စိုက်ထုတ်ငွေ အမေရိကန်ဒေါ်လာ ၁၈၂၅၃၃ အပါအဝင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ၁၈၅၇၈၈၄၊ အာရှဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ၆၀၉၉၀၆၊ အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ၉၂၅၉၀၊ ဥရောပဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ၂၂၃၂၄၊ စပွန်ဆာနှင့် အခြားဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၇၁၁၈၂၈ ဖြင့် ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၅၁၇၄၈၀ ဖြစ်ကြောင်း သိရသည်။ လည်ပတ်သုံးစွဲငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆၁၈၃၇၃၄ ဖြစ်သောကြောင့် လိုငွေ အမေရိကန်ဒေါ်လာ ၆၆၆၂၅၅ ရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ငွေစာရင်းနှင့်ပတ်သက်၍ ပြင်ပစာရင်းစစ်အဖွဲ့၏ ၂၀၂၂ ခုနှစ် ဘဏ္ဍာရေးနှစ် အစီရင်ခံစာအား JF Group (Audit Firm) မှ Managing Partner ဦးဝမ်တင်က ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းပုံစည်းမျဉ်းများ Statutes of Myanmar Football Federation [Edition – 2023] နှင့် စပ်လျဉ်း၍ ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းစိန်က ဆက်လက်ရှင်းလင်းတင်ပြသည်။ ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ရွေးကောက်ပွဲကို လာမည့် ၂၀၂၄ ခုနှစ် မတ် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ထည့်သွင်းကြေညာခဲ့သည်။

ညီလာခံတွင် ၂၀၂၄ ခုနှစ်အတွက် ရငွေ/သုံးငွေ ကြိုတင်ရေးဆွဲခြင်းကို ရှင်းလင်းတင်ပြခြင်း၊ ဆန္ဒမဲရေတွက်ခြင်းနှင့် အတည်ပြုချက်များရယူခြင်းစသည့် ကွန်ဂရက်အစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ပြီးနောက် အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုဥက္ကဋ္ဌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နိဂုံးချုပ်စကား ပြောကြားသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MFF**




# Elite Youth Player Development Coaching Course Level-1 ဟော်ကီနည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်၊ အာရှဟော်ကီအဖွဲ့ချုပ်တို့၏ မြန်မာ့ဟော်ကီအားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ခုဖြစ်သော Elite Youth Player Development Coaching Course Level–1 ဟော်ကီနည်းပြသင်တန်းဆင်းပွဲကို ယနေ့တွင် ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီမြက်ခင်းတုကွင်း၌ ကျင်းပသည်။

**သင်တန်းဆင်းလက်မှတ်များ ပေးအပ်**

သင်တန်းဆင်းပွဲတွင် သင်တန်းနည်းပြဆရာ Mr. Shiv Sharan Singh Jagday၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဟော်ကီအသင်းများအတွက် ဟော်ကီတုတ်တံများနှင့် ဘောလုံးများကို သင်တန်းဆင်းနည်းပြများထံ ထောက်ပံ့ပေးအပ်ပြီး တက်ရောက်လာသူများနှင့် သင်တန်းသားများ အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကူးကြသည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကနေဒါနိုင်ငံသား Mr. Shiv Sharan Singh Jagday က သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ကာ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သည် မျိုးဆက်သစ် လူငယ် ဟော်ကီအားကစားသမားများကို အခြေခံ ဟော်ကီအားကစားနည်းများ တတ်ကျွမ်းအောင် သင်ကြားပေးနိုင်မည့် နည်းပြဆရာကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာ့ဟော်ကီအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် နည်းပြသင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MHF**

# ဆောင်းရာသီတံခွန်စိုက် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ လေးရက်ကြာ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့သည့် ၂၀၂၃ ခုနှစ်တတိယအကြိမ်မြောက် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဆောင်းရာသီတံခွန်စိုက် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားရုံ(၁)သုဝဏ္ဏ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ရာတွင် အမျိုးသား ၁၀ ပေါက်တန်းပြိုင်ပွဲ၌ တော်ဝင်ငွေးရတနာအသင်းက ဇမ္ဗူရတနာအေးအသင်းကိုလည်းကောင်း၊ အမျိုးသား (၆) ပေါက်တန်းပြိုင်ပွဲတွင် ကာကွယ်ရေးအသင်းက သူရိန်မင်းအသင်းကို လည်းကောင်း၊ အမျိုးသမီး (၄) ပေါက်တန်းပြိုင်ပွဲတွင် စာဥအသင်းကခေတ္တရာရွှေပြည်အသင်းကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့နောက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့်အသင်းများအား ဆုဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု၊ နှစ်သိမ့်ဆု ရရှိသည့်အသင်းများအား ငွေသားဆု၊ တက်သစ်စဆု၊ အကောင်းဆုံးအားကစားသမားဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိသူများအား ဆုဖလားနှင့် ငွေသားဆုများကို မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြသည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် ခြင်းလုံး အားကစားနည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းပေါ်ပေါက်လာရန်နှင့် မျိုးဆက်သစ်ခြင်းလုံးအားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဆောင်းရာသီ တံခွန်စိုက်ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ပြိုင်ပွဲဝင် အသင်း ၂၁ သင်း အားကစားသမားဦးရေ ၂၁၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ကိုထက်**





# ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ ဖူဆယ်ဘောလုံးကွင်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖူဆယ်ဘောလုံးကွင်းဖွင့်ပွဲ အခမ်းအနားကို အမှတ်(၁၂)ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ဖူဆယ်ဘောလုံးကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း၊ ဒဂုံမြို့သစ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသူနှင့်အဖွဲ့ဝင်(၁) ဗိုလ်မှူးသက်ဇော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဒဂုံမြို့သစ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချစ်ကြည်ရေးလူငယ်အသင်းနှစ်သင်းမှ ဖူဆယ်ဘောလုံး ယှဉ်ပြိုင်ကစားခြင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ဘောလုံးကန်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ ဒဂုံမြို့သစ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့၌ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

ပဲခူး ဒီဇင်ဘာ ၃၀

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့၌ ကျင်းပသည်။

ဦးစွာ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲအား ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ပြီး အမျိုးသား မီနီမာရသွန်ပြိုင်ကို ပဲခူးမြို့အဝင် တိုးဂိတ်မှလည်းကောင်း၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ပဲခူးမြို့ရှောင်လမ်းဆုံ ဘုရင့်နောင်ရုပ်တုမှ ဟံသာဝတီဘောလုံးကွင်းအထိလည်းကောင်း အမျိုးသား ၆၁၇ ဦး၊ အမျိုးသမီး ၃၉၃ ဦး စုစုပေါင်း ၁၀၁၀ ပါဝင်ယှဉ်ပြိုင်ကြသည်။




ထို့နောက် ပြိုင်ပွဲဝင် အပြေးသမားမောင်/မယ်များအား အပြေးလမ်းကြောင်းတစ်လျှောက် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက လက်ခုပ်တီး၍ သောင်းသောင်းဖြဖြအားပေးခဲ့ကြပြီး ပန်းဝင်နေရာ၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ပန်းကုံးစွပ်၍ ကြိုဆိုကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲဝင် အသက်အငယ်ဆုံးဆု၊ အသက်အကြီးဆုံးဆုနှင့် ပန်းဝင်သူ အမှတ်စဉ်(၄)မှ (၂၀)အထိ ၃၄ ဦးတို့အား တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်ပြီး တတိယရရှိသူ (အမျိုးသား၊ အမျိုးသမီး)တို့အား တစ်ဦးလျှင် ဆုငွေကျပ် ငါးသိန်းစီ၊ ဒုတိယရရှိသူ(အမျိုးသား၊ အမျိုးသမီး)တို့အား တစ်ဦးလျှင် ဆုငွေကျပ် ခုနစ်သိန်းစီနှင့်၊ ပထမရရှိသူ (အမျိုးသား၊ အမျိုးသမီး)တို့အား တစ်ဦးလျှင် ဆုငွေကျပ် ၁၀ သိန်းစီတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပါဝင်ယှဉ်ပြိုင်သူ အပြေးသမား မောင်/မယ်များအား လျှပ်စစ်မော်တော်ဆိုင်ကယ် နှစ်စီး၊ စက်ဘီးအစီး ၂၀ နှင့် လူသုံးကုန်ပစ္စည်း ၁၄၇ မျိုး စုစုပေါင်း ငွေကျပ် ၁၀၈ သိန်းတန်ဖိုးရှိ ပစ္စည်းများအား ပျော်ရွှင်စွာ ကံစမ်းမဲများဖောက်ပေးခဲ့ပြီး ကံစမ်းမဲပေါက်သူများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပေးအပ်ချီးမြှင့်ကြသည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးပြီး ပဲခူးမြို့၌ မီနီမာရသွန်ပြိုင်ပွဲအပါအဝင် တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော စသည့် အားကစားပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ပြီး ဆုများထိုက်တန်စွာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)တွင် ယမန်နေ့မွန်းလွဲပိုင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။



အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်ကျော်စွာမြင့်က လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှုများကို သတိပြုရှောင်ရှားနိုင်ရန် နည်းလမ်းများ၊ လူကုန်ကူးမှုခံရခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးအန္တရာယ်များ၊ လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ စသည့်အကြောင်းအရာများကို ဟောပြောခဲ့သည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးမဍူ(ပြန်/ဆက်)**

### ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## နိုဝင်ဘာလတွင် ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၄၄၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၃၀

နိုဝင်ဘာလတွင် ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၄၄၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

ပြောင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၃၁၁၇၀၊ တရုတ်(တိုင်ပေ)သို့ ပြောင်းတန်ချိန် ၁၉၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ပြောင်း ၂၉ တန် စုစုပေါင်း ပြောင်း ၃၁၃၈၉ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၂၀၀၀ နှင့် ထိုင်းနိုင်ငံသို့ ပြောင်း ၉၈၈ တန် စုစုပေါင်း ပြောင်း ၁၂၉၈၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

**၁၂၉၈၈ တန် တင်ပို့ရောင်းချ**

ထို့ကြောင့် မြန်မာနိုင်ငံမှ ပြောင်းသီးနှံကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ပင်လယ်ရေကြောင်းမှ ဒေါ်လာ ၇ ဒသမ ၆၀၁ သန်းတန်ဖိုးရှိ ပြောင်း ၃၁၃၈၉ တန်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၉ သန်းတန်ဖိုးရှိ ပြောင်း ၁၂၉၈၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြောင်းသီးနှံကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ တင်ပို့ရောင်းချပေးနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပြောင်းစိုက် ဧက ၁ ဒသမ ၂ သန်းခန့်ထိရှိပြီး တန်ချိန် ၂ ဒသမ ၆ သန်းကျော်ထွက်ရှိကာ မြန်မာ့ထွက်ကုန်မှ ပြည်ပတင်ပို့မှုများအနက် ဒုတိယအများဆုံးနိုင်ငံခြားဝင်ငွေရရှိသည့် ကုန်စည်ဖြစ်ကြောင်းလည်း သိရသည်။

**MT**

## မိတ္ထီလာမြို့၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြောပို့ချ

မိတ္ထီလာ ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဟောပြောပို့ချခြင်းများကို အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ ဟောပြောပွဲများကို အထက(၁)၊ အထက(၂)နှင့် အထက(၃) တို့တွင် ကျင်းပရာ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ညောင်ဦးခရိုင်နှင့် မြင်းခြံခရိုင်တို့မှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၀၁၃ ဦးတို့ကို မိတ္ထီလာတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့မှ ဆရာ ဆရာမများက သက်ဆိုင်ရာဘာသာရပ်များအလိုက် ဟောပြောပို့ချသည်။

အထက(၁)တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီဝင်၊ သင်္ချာနှင့် ဓာတုဗေဒ၊ အထက(၂)တွင် ဘောဂဗေဒ၊ ရူပဗေဒ၊ အထက(၃)တွင် ဇီဝဗေဒ (ရုက္ခဗေဒ)နှင့် ဇီဝဗေဒ(သတ္တဗေဒ) ဘာသာရပ်များကို ပို့ချခြင်းဖြစ်ပြီး အဆိုပါ ဟောပြောပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်ခင်စန်းဦးနှင့် တာဝန်ရှိသူများက ဟောပြောပွဲများ အဆင်ပြေချောမွေ့စွာ သင်ကြားပို့ချနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

### "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပြည်သာလမ်း၊ (၄၀)ရပ်ကွက်၊ အမှတ်(၁၀၉၃/ဘီ)တွင် နေထိုင်သော ဦးဝင်းရွှေ [၈/ခမန(နိုင်)၀၄၄၂၉၄]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

Good Vibes

**စာချုပ်အမှတ် - ၁၀၉၇၅ /၂၀၂၃ (နေ့စွဲ-၁၂-၁၂-၂၀၂၃)**

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားများဖြင့် ပေါင်မုန့်၊ ကိတ်မုန့်၊ ကွတ်ကီး၊ ဘီစကစ်၊ ကိတ်ခြောက်၊ ပေါင်မုန့်ခြောက်၊ ဒိုးနတ်၊ မုန့်ကြွပ်၊ ဝေဖာ၊ လမုန့်၊ မရွေးအစရှိသော စားသောက်ကုန်မုန့်မျိုးစုံအား မိမိကိုယ်တိုင် ထုတ်လုပ်၍ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများ ဖွင့်လှစ်၍ရောင်းချခြင်း၊ Online မှ တစ်ဆင့်ရောင်းချပေးခြင်းများ အပြင် အဆိုပါ ထုတ်ကုန်ပစ္စည်းများ အပါအဝင် ယင်းပစ္စည်းများ ထည့်သွင်း ထုပ်ပိုးပေးမည့် ပလတ်စတစ်အိတ်များ၊ လက်ဆွဲအိတ်များ၊ ပါကင်ထုပ်များ၊ ဘူးခွံများ အပေါ်တွင် အသားတံဆိပ်အနေဖြင့် အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးကို ဖိနှိပ်/ ကပ်နှိပ်/ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မှိုင်ခြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်ခြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့်** **(LL.B,D.B.L,D.I.L,D.M.L)** **တရားလွှတ်တော်ရှေ့နေ** **(စဉ် - ၁၄၅၃၇)**

**ဒေါ်ခိုင်ဆုဝေ** **(LL.B)** **အထက်တန်းရှေ့နေ** **(စဉ်-၅၂၀၆၅ )**

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၅၀၉၈၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ လ ၃၁ ရက်)**

ယာယီ

၁။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ကျင်းပမည့် (၅၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ် သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၄၂.၅၂၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | ( ၄ ) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၅ ) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | ( ၉ ) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | ( ၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | ( ၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | ( ၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၄၂.၅၂၀)မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၁၀ ) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | ( ၄၀ ) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | ( ၁၀၀ ) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၅၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၃၀-၁၂-၂၀၂၃) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၅၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁-၂၀၂၄) ရက်နေ့ (တနင်္လာနေ့) ၊ နံနက်(၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၅၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြို့စမ်းရွာသစ်၊ ပလရ/ရပ်ကွက်၊ ဂရုဏာ(၁)လမ်း၊ အမှတ်-(၁/၁၅) ဟုခေါ်တွင်သောအကျယ်အဝန်း(၁၆- ပေ× ၃၂-ပေ)ရှိ မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်သက်မြတ်နိုးဦး (၁၂/မဂဒ(နိုင်) ၁၇၀၉၈၉) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါကခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွကျွန်ုပ်ထံသို့ (၇)ရက်အတွင်းလာရောက် ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုအပြီးတိုင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သွယ်သွယ်နေ (စဥ်-၈၁၈၅)
(တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၂၄၊ဒုတိယထပ်၊၃၈-လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၃၅၄၇၆၊

---

**တစ်ဦးတည်းဖြစ်ကြောင်း**

မှော်ဘီမြို့နယ်၊ (၄)ရပ်ကွက်၊ စက်လမ်းနေ မနီ(ခ) မတင်တင်လှ HBI 039781 သည် တစ်ဦးတည်းဖြစ်ပါသည်။

---

**စာအုပ်စာပေ လှူမိတ်ဆွေ**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ည၊ မြေကွက် အမှတ်-၃၃၈/ခ၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၃၃၈/ခ)၊ ဘုမ္မာ(၁၁)လမ်း၊ (ည) ရပ်ကွက်၊ ဦးဟန်စိန်(CA-038793)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးဟန်စိန်(ဖခင်)သည် (၁၃-၇-၂၀၁၂)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သောင်းရီ(မိခင်)သည် (၁၀-၆-၂၀၁၀)ရက်နေ့တွင်လည်း ကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်ရီရီစိန်[၁၂/ဥကမ(နိုင်)၁၅၅၂၄၁]၊ ဒေါ်အေးအေးသွယ်[၁၂/ဥကမ(နိုင်)၁၅၂၅၃၈]၊ ဦးဇော်မိုး[၁၂/ဥကမ(နိုင်)၁၅၆၈၃၈]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သားသမီး(၃)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော ကိတ္တိမသား/သမီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၆၉၉/၂၀၂၃/၂၀-၉-၂၀၂၃၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လင်းခေးခရိုင်မှ အသုံးပြုပြီးသော ကတ္တရာပေပါပုံးခွံများအား လေလံတင်ရောင်းချရန်အတွက် အိတ်ဖွင့်လေလံခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်/မြို့များနှင့် လမ်းအထူးအဖွဲ့(၅)တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လမ်းလုပ်ငန်းများတွင် အသုံးပြုပြီးသော ကတ္တရာများ၏ ပေပါပုံးခွံများအား (မျက်မြင်အခြေအနေအတိုင်း) သတ်မှတ်ထားသည့် စုပုံကွင်းနေရာတွင် လေလံတင်ရောင်းချလိုပါသည်။

**အိတ်ဖွင့်လေလံအမှတ်စဉ် - (၁/၂၀၂၃-၂၀၂၄)**

| | | |
|---|---|---|
| (က) | လေလံလျှောက်လွှာများ ရောင်းချမည့်ရက် | - (၃-၁-၂၀၂၄) ရက်နေ့မှ (၁၆-၁-၂၀၂၄) ရက်နေ့အထိ နံနက် ၉:၃၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း) |
| (ခ) | လေလံလျှောက်လွှာများ ရောင်းချမည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးခရိုင်၊ လင်းခေးမြို့ |
| (ဂ) | လေလံစိစစ်/ရွေးချယ် ဖွင့်လှစ်မည့်နေရာ/ ရက်/အချိန်/နာရီ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးခရိုင်၊ လင်းခေးမြို့ (၁၈-၁-၂၀၂၄)ရက်နေ့ (ကြာသပတေးနေ့)၊ နံနက် ၁၀:၀၀ နာရီ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လင်းခေးမြို့သို့ ရုံးချိန်အတွင်း ၀၈၁-၈၇၀၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

**လမ်းဦးစီးဌာန၊ လွိုင်လင်ခရိုင်မှ အသုံးပြုပြီးသောကတ္တရာပေပါပုံးခွံများအား လေလံတင်ရောင်းချရန်အတွက် အိတ်ဖွင့်လေလံခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၏ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လမ်း/တံတား လုပ်ငန်းများတွင် အသုံးပြုပြီးသော ကတ္တရာပေပါခွံများအား (မျက်မြင်အခြေအနေအတိုင်း) သတ်မှတ်ထားသည့်စုပုံကွင်းနေရာတွင် လေလံတင်ရောင်းချလိုပါသည်။

| | | |
|---|---|---|
| (က) | လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - ၃-၁-၂၀၂၄ ရက် မှ ၁၆-၁-၂၀၂၄ ရက် နံနက် ၉:၀၀ နာရီမှ ၁၆:၀၀နာရီ၊ (ရုံးချိန်အတွင်း) |
| (ခ) | လေလံလျှောက်လွှာ ရောင်းချမည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်မြို့ |
| (ဂ) | လေလံဖွင့်လှစ်မည့် ရက်/အချိန် | - ၁၈-၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)၊ နံနက်(၁၀:၀၀)နာရီ |
| (ဃ) | လေလံတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်ခရိုင် |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လွိုင်လင်မြို့သို့ ရုံးချိန်အတွင်း (ဖုန်း-၀၈၁-၂၃၁၀၀၂၀)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်မှ အသုံးပြုပြီးသော ကတ္တရာပေပါပုံးခွံများအား လေလံတင်ရောင်းချရန်အတွက် အိတ်ဖွင့်လေလံခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်/မြို့များနှင့် လမ်းအထူးအဖွဲ့(၄/၁၃)တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်ရွက်ခဲ့သော လမ်းလုပ်ငန်းများတွင် အသုံးပြုပြီးသော ကတ္တရာများ၏ ပေပါပုံးခွံများအား (မျက်မြင်အခြေအနေအတိုင်း)သတ်မှတ်ထားသည့် စုပုံကွင်းနေရာတွင် လေလံတင်ရောင်းချလိုပါသည်။

**အိတ်ဖွင့်လေလံအမှတ်စဉ်-(၁/၂၀၂၃-၂၀၂၄)**

| | | |
|---|---|---|
| (က) | လေလံလျှောက်လွှာများ ရောင်းချမည့်ရက် | - (၃-၁-၂၀၂၄)ရက်မှ (၁၆-၁-၂၀၂၄)ရက်အထိ နံနက် ၉:၃၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း) |
| (ခ) | လေလံလျှောက်လွှာများ ရောင်းချမည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့ |
| (ဂ) | လေလံစိစစ်/ရွေးချယ် ဖွင့်လှစ်မည့်နေရာ/ရက်/ အချိန်/နာရီ | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့ (၁၈-၁-၂၀၂၄)ရက် (ကြာသပတေးနေ့)၊ နံနက် (၁၀:၀၀)နာရီ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ၀၉-၄၉၂၅၈၀၃၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်-၃၇၁၊ ပထမထပ်၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကန်ထရိုက်တာဦးငွေစိုး [၁၂/တမန(နိုင်)၀၅၇၇၇၉၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ၁။ ဦးစိုးလင်းသူ [၆/ မမန(နိုင်)၁၄၅၂၅၆] ၂။ ဒေါ်ဝင်းဝင်းထိုက် [၁၄/ရကန(နိုင်)၁၂၅၆၉၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်-၁၂၈၁၈/ ၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## ဒေါ်ကျင်သန်း
## အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၄၇၉)နေ ဦးအဟိုး-ဒေါ်ကျင်မြိုင် တို့၏သမီး၊ ဦးဖိုးစိန်-ဒေါ်စောညီ တို့၏သမီးချွေးမ၊ ဦးဘသန်း (ကြံတိုင်းအောင် သံထည်ပစ္စည်းရောင်းဝယ်ရေး)၏ ချစ်လှစွာသော ဇနီး၊ ကိုဝေဖြိုး-မယဉ်သူသူအောင်၏ မွေးသမိခင်ကျေးဇူးရှင်၊ မသက်နှင်းသဒ္ဒါ၏ အဘွားသည် ၂၉-၁၂-၂၀၂၃ (သောကြာနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၁-၁၂-၂၀၂၃ ရက်တွင် အမိုးနီသုသာန် (သန်လျင်)သို့ ပို့ဆောင်ပြီး မွန်းလွဲ ၁:၃၀ နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ပေးကြပါရန်။ (ပုဇွန်တောင်နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ရေစက်သွန်းချတရားတော်နာယူမည်ဖြစ်ပါသဖြင့် ၄-၁-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၄၇၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာမောင်မောင်ဝင့်

**M.B.,B.S, M.R.C.P(UK), F.R.C.P(Ed)**
**Hon,Dr.Med.Sc(General Medicine)**
**ဆေးပညာထူးချွန်တံဆိပ်(ပထမအဆင့်)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန**
**နာယကကြီး(မြန်မာနိုင်ငံဆေးကောင်စီ)**

## အသက်(၈၁)နှစ်

အနန္တဂုဏ်အင် ဆရာသခင်ကျေးဇူးရှင်ဖြစ်သူ ဆရာကြီးပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်သည် ၂၉-၁၂-၂၀၂၃(သောကြာနေ့)နံနက် ၆:၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုသဆောင်၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားကြောင်း သိရှိရသည့်အတွက် မြန်မာ ဆေးလောကနှင့် ဆေးပညာသင်ကြားရေး လောကကြီးတစ်ခုလုံး၏ အစားထိုးမရသော ဆုံးရှုံးမှုကြီးအဖြစ် ကျန်ရစ်သူမိသားစုနှင့်အတူ ယူကျုံးမရ ဝမ်းနည်းကြေကွဲမှုဖြစ်ရပါသည်။

**ပါမောက္ခချုပ်**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**
**ဆေးဝါးတက္ကသိုလ်- ရန်ကုန်(ပူးတွဲတာဝန်)**
**ဒုတိယပါမောက္ခချုပ်များ၊**
**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးဝါးတက္ကသိုလ်-ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၇ဦးဘိုးလူ၊မြေကွက်အမှတ်-၇/က၊ဧရိယာ(၀.၇၃၉)ဧက၊မြေကွက်တည်နေရာအမှတ်(၁၀)၊ဘုရင့်နောင်လမ်း၊ရွာမအရှေ့ရပ်ကွက်၊အင်းစိန်မြို့နယ်၊ဦးအောင်မင်းအမည်ပေါက်B-လ/န ၃၉မြေအားအင်းစိန်မြို့နယ်၊၁၉၉၉ခုနှစ်တရားမကြီးမှုအမှတ်-၁၉၏(၂၅-၆-၁၉၉၉)ရက်စွဲပါအမိန့်၊တရားမဇာရီမှုအမှတ်-၄/၂၀၀၇၏(၂၉-၃-၂၀၀၇)ရက်စွဲပါအမိန့်နှင့်အရောင်းအဝယ်စာချုပ်အမှတ်-၂၇၉၉/၂၀၀၇(၃၀-၇-၂၀၀၇) အရဧရိယာ(၀.၇၃၉)ဧကေအနက်မှတရားဝင်မခွဲမစိတ်ရသေးသည့်(အလျား×အနံ)(၈၅'×၃၃')အားပိုင်ဆိုင်သူဒေါ်သိန်းသိန်း(၈/မလန(နိုင်)၀၀၃၂၈၉)ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏SP၇၂၂၉/၂၀၀၇(၆-၈-၂၀၀၇) ဖြင့်ရရှိသူဦးမျိုးနိုင်စိုး(၁၂/အစန(နိုင်)၀၆၄၉၀၉)မှပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ရုပ်သိမ်းခြင်းမရှိသေးပါကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ဖော်ပြပါတရားရုံးအမိန့်များ၊အရောင်းအဝယ်မှတ်ပုံတင်စာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန်မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ လူနေရပ်ကွက်အမှတ်- ၂၊ ဗိုလ်ဗထူး(၁၂)လမ်း၊ အမှတ်(၁၅၃)သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးသိန်းငွေ (B/RGN-၀၁၇၈၅၂)[၁၂/လသယ (နိုင်)၀၁၀၂၀၅]အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ မြေအမျိုးအစား နှစ်(၆၀) ဂရန်ဟုခေါ်တွင်သည့် အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း အကျယ်အဝန်း(၁၂ပေx၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက် ဦးသိန်းငွေထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူဦးကျော်ဝင်း[၅/ကဘလ(နိုင်)၀၂၆၄၆၂]နှင့် ဒေါ်သီတာဝင်း [၁၄/ဒဒရ(နိုင်)၁၂၆၈၃၅]တို့က ၎င်းတို့တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေများထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသောပစ္စည်း၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း (မူရင်း)တို့နှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူဦးအေးချမ်း [၈/မကန(နိုင်)၂၀၄၄၂၀]နှင့် ဒေါ်နေဇာလင်း**
**[၁၄/ကခန(နိုင်)၀၈၉၈၉၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာထွန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၀၇၈)**
**အမှတ်- ၉/၁၁၊ အခန်း (၃၀၂/F)၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၆၅၃၈၄၊ ၀၉-၇၉၅၉၄၃၆၇၂**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ပါမောက္ခဒေါက်တာမောင်မောင်ဝင့်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**
## အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်လဲ့လဲ့ယု၏ချစ်လှစွာသောခင်ပွန်း ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာ မောင်မောင်ဝင့် အသက်(၈၁)နှစ်သည် ၂၉-၁၂-၂၀၂၃ (သောကြာနေ့) နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်အရာထမ်း/အမှုထမ်းများ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာမောင်မောင်ဝင့်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန**
**အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခဒေါက်တာမောင်မောင်ဝင့်၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အသက်(၈၁)နှစ်သည် ၂၉-၁၂-၂၀၂၃ (သောကြာနေ့)တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာမောင်မောင်ဝင့်

**M.B., B.S, M.R.C.P(UK), F.R.C.P(Ed)**
**Hon,Dr.Med.Sc(General Medicine)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန**
**ဆေးပညာထူးချွန်တံဆိပ်(ပထမအဆင့်)**
**နာယကကြီး(မြန်မာနိုင်ငံဆေးကောင်စီ)**

## အသက်(၈၁)နှစ်

မန္တလေး St Peters အထက်တန်းကျောင်းမှစပြီး လက်ရှိရာထူးအထိ ညီရင်းအစ်ကိုချစ်ခင်စွာနေထိုင်ခဲ့ကြပြီး ၂၉-၁၂-၂၀၂၃ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာကျော်မြင့်နှင့်ဇနီး ဒေါ်နီလာသော်**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၁၃၂) ဦးစိန်အောင်(အေဒီ-၀၂၂၇၃၁)အမည်ဖြင့်ချထားပေးခြင်းခံရသော ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိ (အရပ်အခေါ်)ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ ငုဝါလမ်းမ၊ သစ္စာလမ်းသွယ်၊ အမှတ်(၁၁၃၂) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဒေါ်ချိုချိုမြင့်[၁၂/မဘန(နိုင်)၀၅၀၁၂၀]မှ မိမိသာတရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်နီလာရှိန်[၇/ပခန(နိုင်)၃၁၆၄၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ချယ်ရီဝင်း** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၈၄၆)ရှိ နှစ်ခန်းတွဲ RC(၈)ထပ် ဓာတ်လှေကားပါသော မီနီကွန်ဒိုတိုက်မှ စတုတ္ထထပ်(၅)လွှာ၊ (မျက်နှာမူလျှင်-ယာ)အခန်း၊ ဧရိယာ(၉၁၈)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးလွင်ရန်နိုင်[၁၂/ဥကတ(နိုင်)၁၄၄၂၉၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးအောင်ကိုလတ်[၅/ကနန(နိုင်)၀၆၁၅၀၉]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကိုလတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင်(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉-၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးမောင်မောင်တင်
**စာရင်းစစ်အရာရှိ(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး**
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဦးချိုလမ်း၊ အိမ်အမှတ်(၁၂/E)နေ (ဦးဘိုးသာမြ-ဒေါ်အုန်းမြ)တို့၏သားကြီး (ဦးမောင်မောင်လွင်)၏ အစ်ကိုကြီး၊ (ဦးညိန်းတင်-ဒေါ်မြညွန့်)တို့၏သားသမက်၊ (ဒေါ်တင်မြ)စာရင်းစစ်ချုပ်ရုံး၏ခင်ပွန်း၊ မတင်မသက်၏ချစ်လှစွာသောဖခင် ဦးမောင်မောင်တင်သည် ၂၉-၁၂-၂၀၂၃(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၁-၂၀၂၄ (တနင်္လာနေ့) နံနက် ၉နာရီတွင် ကမာရွတ်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာမောင်မောင်ဝင့်
## အသက်(၈၁)နှစ်

ကျေးဇူးရှင်ကြီးပါမောက္ခ ဒေါက်တာ မောင်မောင်ဝင့် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူ ဇနီး ဒေါ်လဲ့လဲ့ယု မိသားစုများနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါကြောင်း။

**ဦးတင်ဝင်း - ဒေါ်ဥမ္မာဖြူ (ဘောဇီ)**
**မောင်တင်ကိုကိုဝင်း၊ မောင်ခန့်မင်း၊**
**ဒေါက်တာ ခိုင်သဥ္ဇာဝင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလှရှိန်
## အသက်(၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ ရေပေါက်ကလေးကျေးရွာနေ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာ၏ ဖခင်ဖြစ်သူ ဦးလှရှိန်သည် ၂၉-၁၂-၂၀၂၃ ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၈၃-ဘီ)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၁၀ပေx အနံ ၆၀ပေ)ရှိမြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ယင်းတို့နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဒေါ်နုနုဝေ [၁၂/အစန(နိုင်)၀၉၀၆၇၈]မှ မိမိသာတရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေမှရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးထက်ဝင်းမောင် [၁၂/အစန(နိုင်)၂၅၅၆၈၇] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်အိအိနိုင်** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၂၇၃)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၄၆)၊ အခန်းအမှတ် (၂၀၂)၊ (ဒုတိယထပ်) ကိုမူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းထွန်းဦး [၇/ဝမန(နိုင်) ၀၀၀၉၉၅]ထံမှ အဆင့်ဆင့်စာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်နွေးသဥ္ဇာလှိုင် [၁၂/ဒဂတ(နိုင်)၁၀၆၃၀၁]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈/ဝါးဆို၊ မြေကွက်အမှတ်(၄၉၆)၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၇၊ ကျောင်းတော်ရာလမ်း၊ ဝါးဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်လှ [၁၂/ဒပန(နိုင်)၀၁၃၆၉၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်လှအပေါ် တရားပြိုင်ထားကာ ဒေါ်ညွှန့်ညွှန့်စိန်၊ ဒေါ်ခင်မာထွေးတို့မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် ချမှတ်သည့် (၂၉-၉-၂၀၂၀)ရက်စွဲပါစီရင်ချက် ဒီကရီအမိန့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၂၃/၂၀၂၂၏ (၉-၂-၂၀၂၂) ရက်စွဲပါတရားရုံး နေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၅-၄-၂၀၂၃ ရက်စွဲပါစာအမှတ်၊ ၈၂(က)/၁၃.၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့အရ တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ ဂရန်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



➢ လက်တလော အသုံးမပြုသည့် လျှပ်စစ်ပစ္စည်းများ၏ Plug ခေါင်းများကို Socket များမှ ဖြုတ်ထားပါ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကို တာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန် အရေးသုံးပါး မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း မြေပဲလုံးဆန်များ အရောင်းအဝယ်ကောင်းမွန်** စာမျက်နှာ » ၁၂

**အမေရိကန်အစိုးရက အစ္စရေးအစိုးရကို အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၅ သန်းတန်ဖိုးရှိ လက်နက်များရောင်းချရန် အတည်ပြု** စာမျက်နှာ » ၁၃

**ပေါက်တောမြို့အတွင်းသို့ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်များ မီးလောင်၊ ရမ်းဗြဲမြို့ရှိ နေအိမ်များအား တပ်မတော်က မီးရှို့ဖျက်ဆီးဟု မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ** စာမျက်နှာ » ၁၇


## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးကို ပြန်လည်ကယ်ထုတ်



PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသော လက်နက်များမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၃၀

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ညောင်ပင်ရွာသစ်ကျေးရွာများအနီး လက်နက်ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်း သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရရှိခဲ့ပြီး ၎င်းတို့ဖမ်းဆီးချုပ်နှောင်ထားသည့် အပြစ်မဲ့ဒေသခံပြည်သူများကိုလည်း ပြန်လည်ကယ်ထုတ်နိုင်ခဲ့သည်။


ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် မုံရွာမြို့နယ် ညောင်ပင်ရွာသစ်ကျေးရွာအနီး လက်နက်ခဲယမ်းများနှင့်အတူ စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ■

## လူတန်တောင်းအသင်းရဲ့ အိမ်ကွင်းမှာ ချယ်လ်ဆီးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၂၀)ရဲ့ ဒီဇင်ဘာ ၃၀ ရက် အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ လူတန်တောင်းအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက လူတန်တောင်းအသင်းရဲ့ အိမ်ကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

လူတန်တောင်းအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၂ မိနစ်နဲ့ မိနစ် ၇၀ တို့မှာ ပယ်လ်မာက နှစ်ဂိုး၊ ၃၇ မိနစ်မှာ မာဒူကီက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး လူတန်တောင်းအသင်းအတွက် ချေပဂိုး နှစ်ဂိုးကိုတော့ မိနစ် ၈၀ မှာ ဘာကလေက တစ်ဂိုး၊ ၈၇ မိနစ်မှာ အက်ဒီဘာယိုက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ❖



**ထူးခြားသည့် ညအပူချိန်များ**

နေပြည်တော် ဒီဇင်ဘာ ၃၀

| | | |
|---|---|---|
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၅ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၆ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၆ | ဒီဂရီစင်တီဂရိတ် |